မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၀)

ပြည်သူများဘဝတိုးတက်ပြည့်စုံရေး မျိုးချစ်စိတ်ဓာတ်အရင်းခံလုပ်ကိုင်

ဒေသအတွက်၊ ပြည်သူအတွက်၊ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ရိုးရိုးသားသား မှန်မှန်ကန်ကန် ကြိုးကြိုးစားစားဖြင့် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး လုပ်ကိုင်သွားကြရမည်။ မိမိတို့၏ဆောင်ရွက်ချက်များသည် ပြည်သူများ၏ဘဝ တိုးတက်ပြည့်စုံရေးအတွက် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနှင့် ဝန်ထမ်းများကြိုးပမ်းမှုကြောင့် ပြည်တွင်းအစားအစာဖူလုံရုံမျှမက ပိုလျှံနေ ပြည်သူများအနေဖြင့် စားစရာမဖူမလုံဖြစ်မည့်အရေး တွေးတောပူပင်စရာမလို စစ်ကိုင်းတိုင်းအနေဖြင့် စပါးတင်းသိန်း ၈၀၀ အထိထွက်ရှိရေး ဖိဖိစီးစီးကြိုးစားလုပ်ကိုင် လူဦးရေသန်း ၁၅၀ ခန့်ဖြစ်လာနိုင်သည်အထိ ကြိုတင်တွက်ဆပြီး ယခုကတည်းကဆောင်ရွက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အင်ပင်လှကျေးရွာ၌ကျင်းပသည့် မဟာသုခသီတလစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီးနောက် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် မုံရွာမြို့သို့ရောက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အများဘက်မှဘက်လိုက်ကာ အမှန်ကိုဖိအားပေးနေမှုဖြစ်

စတုတ္ထအမှားကတော့ တပ်မတော်အစိုးရ လုပ်ဆောင်ချက်နဲ့ အင်န်အယ်လ်ဒီတို့ရဲ့ လုပ်ဆောင်ချက်မှာ တပ်မတော်အစိုးရရဲ့ လုပ်ဆောင်ချက် အမှန်တွေကို အမှားလုပ်ပြီး အင်န်အယ်လ်ဒီရဲ့ မှားတဲ့လုပ်ဆောင်ချက်တွေကို အမှန်လုပ်ကာ "အမှန်နဲ့ အမှားကို ပြောင်းပြန်လှန်ပြီး အမှားဘက်မှ ဘက်လိုက်ကာ အမှန်ကို ဖိအားပေးနေမှု" ပဲ ဖြစ်တယ်။

(ကျော်မြင့်နိုင်၏ "မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးအောင် တားဆီးနှောင့်ယှက်နေတဲ့ အမှားကြီးလေးရပ်" ဆောင်းပါး (စာ-၃ နှင့် ၄))

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ပြန်လည်ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးတွင် လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် တက်ရောက်လျက်ရှိကြသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ပထမအဆင့်လည်းဖြစ်၊ အရေးကြီးသော အဆင့်လည်း ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စေရန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က စနစ်တကျ တက်ညီလက်ညီ အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားညီလာခံကြီးသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များကလည်း စိတ်ပါလက်ပါ အားတက်သရော ပါဝင်ဆောင်ရွက်မှုတို့ကြောင့် လုပ်ငန်းများ ချောမွေ့အောင်မြင်လျက်ရှိသည်။ အမျိုးသားညီလာခံကြီး ကဏ္ဍတစ်ခုပြီးတစ်ခု ချောချောမောမောဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန် ညီလာခံကိုယ်စားလှယ်တော်ကြီးများ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အပေါ်တွင် များစွာမူတည်နေပေသည်။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် နိုင်ငံတော်၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့စရိုက်များနှင့် ကိုက်ညီသည့် အခြေခံမူများ ချမှတ်နိုင်ရန် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်အားထုတ်မှု မှန်သမျှကို တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ဝိုင်းဝန်းတားဆီး ကာကွယ်သွားကြရမည် ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅)ကို ဖေဖော်ဝါရီလ ၂၄ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာ၌-

"ပြည်တွင်း ပြည်ပမှ ဆန့်ကျင်ဘက်အဖျက်သမားများက ညီလာခံပျက်စီးအောင်၊ အခက်အခဲဖြစ်အောင် အဖျက်အမှောင့် ဆောင်ရွက်မှုများကို အသိတရားလက်ကိုင်ထားပြီး မိမိတို့၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် ပေါင်းစည်းပြီး အောင်မြင်စွာ ကျော်လွှားသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခုအခါ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်နှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းရေးအတွက် တူညီသော သန္နိဋ္ဌာန်ဖြင့် ကိုယ်စားလှယ်များ အားကြိုးမာန်တက် အားထုတ်ကြိုးပမ်းနေကြသည်ကို တိုင်းရင်းသားပြည်သူအားလုံးက နားလည်သိရှိလက်ခံထားကြပြီး ဖြစ်သည်။

အမျိုးသားညီလာခံကြီး အောင်မြင်စေရန် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများက ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးဖြည့်ဆည်းပေးနေသကဲ့သို့ အမျိုးသားညီလာခံကြီးကို ထိပါးနှောင့်ယှက်လိုသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူများက ဆန့်ကျင်ချေမှုန်းသွားကြရမည် ဖြစ်သည်။

ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏အကြံပြုတင်ပြချက်များကို စုံညီအစည်းအဝေးတွင် ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ် အခြေခံရမည့် မူများရရှိအောင် ဆွေးနွေးညှိနှိုင်းကြမည်ဟု သိရသည်။

သို့ဖြစ်ရာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဖော်ဆောင်ရာ၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီး အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ယူရေနီယံကြွယ်ဝရေး အီရန်ကြိုးပမ်းမှု စွန့်လွှတ်ရန် အမေရိကန်နှင့်အီးယူ တောင်းဆိုချက် မလိုက်လျောဟု အီရန်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၅

အီရန်နိုင်ငံသည် ယူရေနီယံ ပေါကြွယ်ဝရေး ကြိုးပမ်းလုပ်ဆောင်ချက်ကို စွန့်လွှတ်ရန် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ၏ တောင်းဆိုချက်များအား လိုက်လျောမည်မဟုတ်ကြောင်း၊ အီရန်နိုင်ငံ၏ နျူကလီးယား စွမ်းရည်သည် ရောင်းစားရန်အတွက် မဟုတ်ကြောင်း တနင်္လာနေ့၌ အီရန်နိုင်ငံက ထပ်မံပြော ကြားလိုက်သည်။

အီရန်နှင့် အခြားနိုင်ငံခြားရေး မူဝါဒကိစ္စရပ်များ ထည့်သွင်းဆွေးနွေးမည့် ဥရောပခရီးစဉ်ကို အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ် စတင်ခဲ့ချိန်တွင် နျူကလီးယားကိစ္စနှင့် စပ်လျဉ်း၍ အီရန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား အာခံခဲ့သည်။

အသုံးချနိုင်

ယူရေနီယံပေါကြွယ်ဝရေး ကြိုးပမ်းလုပ်ဆောင်ချက်ကို အီရန်နိုင်ငံ ဖျက်သိမ်းရန် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က လိုလားခဲ့ကြသည်။ အီရန်နိုင်ငံ၏ နျူကလီးယားပေါကြွယ်ဝရေး ကြိုးပမ်းချက်သည် နျူကလီးယား ဓာတ်အားစက်ရုံများအတွက် လောင်စာပြုလုပ်ရန် အသုံးချနိုင်ကြောင်း၊ သို့မဟုတ် နျူကလီးယားဗုံးပြုလုပ်သည့် ပစ္စည်းဖြစ်နိုင်ကြောင်း အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ပြောဆိုခဲ့ကြသည်။ ထိုသို့ဆိုသော်လည်း အီရန်၏ နျူကလီးယားအစီအစဉ်ကို လျှော့ချ ဖြတ်တောက်ပစ်ရန်အတွက် အီရန်နိုင်ငံအား မက်လုံးများပေးရန် ပြင်သစ်၊ ဂျာမနီနှင့်ဗြိတိန်တို့ကို ကိုယ်စားပြုသော အီးယူ၏ ဦးဆောင်မှုကို အမေရိကန်ပြည်ထောင်စုက ပူးပေါင်းရန် ငြင်းဆိုခဲ့သည်။

ယုံကြည်

အီရန်၏ နျူကလီးယားစွမ်းရည်သည် ရောင်းချရန်အတွက် မဟုတ်ဆိုသည်ကို ဥရောပနိုင်ငံများ နားလည်သည်ဟု မိမိယုံကြည်ကြောင်း၊ လောလောဆယ်၌ အီးယူနှင့် စေ့စပ်ဆွေးနွေးနေသည့် အီရန်စေ့စပ်ဆွေးနွေးရေးအဖွဲ့မှ အဆင့်မြင့်အဖွဲ့ဝင် ဆီရုပ်စ်နာဆီရီက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ တည်ဆောက်ရန်မရည် ရွယ်ကြောင်း၊ ယင်း၏နျူကလီးယား အထောက်အကူများသည် ဗုံးလုပ်ရန် အသုံးပြုမည်မဟုတ်ကြောင်း ခိုင်မာခိုင်မာသည်ကျသည့် အာမခံချက်များပေးရန် ပြင်ဆင်ထားကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ဆောင်ရွက်ရန် ကမ္ဘောဒီးယား-ဗီယက်နမ် ပူးတွဲကော်မရှင်စည်းဝေး

ဖနောင်ပင် ဖေဖော်ဝါရီ ၂၅

ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံများက အင်္ဂါနေ့၌ ပြောကြားသည်။

ကမ္ဘောဒီးယား-ဗီယက်နမ် (၇)ကြိမ်မြောက် ပူးတွဲကော်မရှင် အစည်းအဝေးကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်မီယင်တို့သည် ယင်းတို့၏ နိုင်ငံကိုယ်စားလှယ်များကို ဦးဆောင်ကာ တက်ရောက်ခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးနှင့် နယ်စပ်ကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ဆွေးနွေးခဲ့ကြကြောင်း ဟော်နမ်ဟောင်က ပြောကြားသည်။

အဆိုပါ နှစ်နိုင်ငံသည် ယင်းတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို မကြာသေးမီက အပြန်အလှန်အသိပေးခဲ့ကြသည်ဟုသိရသည်။ နှစ်နိုင်ငံက နယ်ပယ်စုံတွင် ဖွံ့ဖြိုးတိုးတက်ရန် အလွန်အားထားပြီး အနာဂတ်ဆက်ဆံရေး ပိုမိုလုပ်ဆောင်ရန် အနာဂတ်ရည်မှန်းချက်များထားရှိ လုပ်ဆောင်နေကြောင်း ငုယင်ဒိုင်မီယင်က အစည်းအဝေးအပြီး သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးအောင် တားဆီးနှောင့်ယှက်နေတဲ့ "အမှားကြီးလေးရပ်"

"မြန်မာနိုင်ငံတပ်မတော်အစိုးရဟာ ဒီမိုကရေစီဖော်ဆောင်ရေးကို အချိန်ဆွဲနေတယ်"လို့ တစ်မျိုး၊ မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးဟာ နှေးကွေးနေတယ်လို့ တစ်ဖုံ၊ ဒီမိုကရေစီ ဖော်ဆောင်ရေးနဲ့ပတ်သက်ပြီး တပ်မတော်အစိုးရကို ဝေဖန်စွပ်စွဲချက်အမျိုးမျိုးနဲ့ အပြစ်တင်နေကြပါတယ်။

အမှန်ကိုဆန်းစစ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးကြန့်ကြာမှုဖြစ်စေတဲ့ တားဆီးနှောင့်ယှက်မှု အမှားကြီးလေးရပ်ရှိနေတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

ပထမအမှား "မှန်ကန်သောရှုမြင်ချက်တစ်ရပ်ဟာ ရုပ်တကယ်အမှန်ရှိမှု၊ တကယ်အမှန်ရှိတဲ့ရုပ်တွင် ရောင်ပြန်ဟပ်ယူမှုပေါ်မှာမူတည်တယ်"လို့ လူမှုသိပ္ပံက ဆိုညွှန်းထားပါတယ်။ ဒါပေမယ့် ပြည်တွင်းပြည်ပက အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ ပြဿနာတွေနဲ့ လုပ်ရပ်တွေရဲ့ အမှားအမှန်ကို မြန်မာနိုင်ငံရဲ့ ပကတိအရှိဖြစ်ရပ်မှန်တွေပေါ်မှာ ရှုမြင်သုံးသပ်တာ မဟုတ်ဘဲ၊ "ဒိဋ္ဌိဓမ္မနည်းနဲ့မဟုတ်ဘဲ၊ စိတ္တဇနည်း"နဲ့ ရှုမြင်သုံးသပ်နေကြပါတယ်။ ဒါက ပထမအမှားပါပဲ။

၁၉၈၈ခုနှစ် ဆူပူအုံကြွမှုဖြစ်စဉ်မှာ လက်ဝဲစွန်းဝါဒီတွေက ပြည်သူတွေကို သိမ်းသွင်းဖြားယောင်းခေါ်ယူပြီး လူစုလူဝေးနဲ့ ရဲစခန်းတွေ ဝင်စီးတာမျိုးတွေ၊ ရန်ကုန်မြို့လယ် လမ်းမတော်က ကုန်သွယ်ရေးရုံး အစောင့်တပ်မတော်သားတချို့ထံမှ လက်နက်တွေကို လူစုလူဝေးတွေနဲ့ ဝင်သိမ်းတာမျိုးတွေ၊ နိုင်ငံတော်အာဏာကို လူစုလူဝေးနဲ့ အကြမ်းဖက်ရယူဖို့လုပ်နေတာနဲ့ တစ်ချိန်တည်းမှာ မင်းမဲ့ဝါဒီတွေကလဲ နိုင်ငံတော်နဲ့ ပြည်သူ့နေဥစ္စာတွေကို လူစုလူဝေးနဲ့လုယက်ဖျက်ဆီးမှုတွေ လုပ်နေတာတွေ၊ ဒီလိုလုပ်ဆောင်ချက်ကို ပြည်သူတွေက ဆန့်ကျင်ကန့်ကွက်မှုမပြုရဲအောင် အပြစ်မဲ့ပြည်သူတွေကို ယုတ္တိမရှိတဲ့ စွပ်စွဲချက်တွေနဲ့ လက်ရဲဇက်ရဲ သတ်ဖြတ်မှုတွေလုပ်နေတာကြောင့် တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်အသွင် ဆိုက်ရောက်ခဲ့ရတာတွေဟာ တကယ့်ဖြစ်ရပ်တွေပဲဖြစ်တယ်။

ဒီလိုအဖြစ်ဆိုးကြီးကြောင့် နိုင်ငံတော်နဲ့ပြည်သူ့အသက်အိုးအိမ် စည်းစိမ်လုံခြုံတည်မြဲရေးအတွက် တပ်မတော်က လက်ဝဲစွန်းနဲ့ မင်းမဲ့ဝါဒလုပ်ရပ်တွေကို အချိန်မီတားဆီးပြီး နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာရယူကာ တိုင်းပြည်နဲ့ပြည်သူတွေကို လက်ဝဲစွန်းနဲ့ မင်းမဲ့ဝါဒီတွေရဲ့ဘေးမှ ကာကွယ်ကယ်တင်ခဲ့ရတာပဲဖြစ်တယ်။

ဒါပေမယ့် အစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိုချိုးနှိမ်ပြီး စစ်တပ်က အာဏာသိမ်းမှုအဖြစ် ဆန္ဒစွဲနဲ့ တစ်လွဲအဓိပ္ပာယ်ဖွင့်ပြီး ပြောဆိုနေကြဆဲဖြစ်တယ်။

ဒုတိယအမှားကတော့ တပ်မတော်အစိုးရကို မှားယွင်းစွာ အကဲဖြတ်မှု (လက္ခဏာချက်ဖြတ်မှု) ဖြစ်တယ်။ လူတစ်ယောက်ကို အကဲဖြတ်ရာမှာ သူဘာဝတ်တယ်၊ ဘာစကားပြောတယ်ဆိုတာနဲ့ အကဲမဖြတ်ရဘဲ သူဘာလုပ်တယ်ဆိုတဲ့ လုပ်ဆောင်ချက်နဲ့ အကဲဖြတ်ရမယ်။

ပါတီတစ်ခုကိုအကဲဖြတ်ရာမှာလဲ ပါတီဟာ ဘာနာမည်ခံယူထားတယ်၊ ဘာတွေ ကြွေးကြော် ကြေညာတယ်ဆိုတာနဲ့ အကဲမဖြတ်ရဘဲ ဒီပါတီရဲ့ ကာယကံမြောက်လုပ်ဆောင်ချက်နဲ့ အဲဒီလုပ်ဆောင်ချက်တွေရဲ့ အကျိုးသက်ရောက်မှုတွေနဲ့ အကဲဖြတ်ရမယ်။

"တရားဥပဒေတွေ၊ အစိုးရတွေကိုအကဲဖြတ်ရာမှာ အဲဒီဥပဒေတွေ၊ အစိုးရအသွင်တွေ (ဆိုလိုတာက ရွေးကောက်တင်မြှောက်ခံအစိုးရဟုတ်-မဟုတ်ဆိုတာမျိုးတွေ)အရ အကဲမဖြတ်ရဘဲ အဲဒီတရားဥပဒေနဲ့ အစိုးရတွေဟာ ဘယ်လူတန်းစားအကျိုးစီးပွားတွေကို ကာကွယ်ကိုယ်စားပြုသလဲဆိုတာနဲ့ အကဲဖြတ်ရမယ်"လို့ လူမှုသိပ္ပံတရားက ညွှန်းဆိုထားပါတယ်။ "တရားဥပဒေရေးရာဆက်ဆံရေးတွေကိုရော အစိုးရအသွင်တွေကိုပါ နားလည်သဘောပေါက်ဖို့ဆိုရင် အဲဒီဆက်ဆံရေးတွေနဲ့ အဲဒီအသွင်တွေကို စတင်လေ့လာရုံနဲ့ သိမြင်နားလည်နိုင်မှာ မဟုတ်ဘူး။ လူ့အသိဉာဏ် ယေဘုယျဖွံ့ဖြိုးတိုးတက်လာမှုလို့ခေါ်တဲ့ စိတ်စေတသိက်တွေကနေ အစပြုလေ့လာလို့လဲ နားလည်နိုင်မှာမဟုတ်ဘူး။ တရားဥပဒေရေး အဆက်အဆံတွေနဲ့ အစိုးရအသွင်တွေရဲ့အရင်းခံ အခြေအမြစ်တွေဟာ သဘာဝရဲ့ ရုပ်ပိုင်းအခြေအနေအရပ်ရပ်တွေထဲမှာစွဲမြဲတည်ရှိနေတယ်"လို့ဆိုပါတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့ တစ်ပြိုင်နက် ပြည်သူတွေ မလိုလားတဲ့ ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်နဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ပြည်သူတွေရဲ့ရုပ်ဘဝက လိုလားတောင့်တနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုဖွင့်လှစ်ဖော်ဆောင်ပေးခဲ့တယ်။ ဒါဟာ ၁၉၈၈အရေးအခင်းရဲ့ သရုပ်မှန်ကို တပ်မတော်အစိုးရက အသိအမှတ်ပြု(ကိုယ်စားပြု)လိုက်တဲ့ လုပ်ဆောင်ချက်ဖြစ်တယ်။

တပ်မတော်အစိုးရဟာ တစ်ပြည်လုံးမှာ တည်ငြိမ်အေးချမ်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေ ပျက်စီးပြတ်တောက်နေမှု၊ ပြည်သူတွေ စားဝတ်နေရေးကျပ်တည်းနေမှု အခြေအနေအရ- (၁) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ (၂) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ (၃)ပြည်သူတွေ စားဝတ်နေရေးချောင်လည်စေရေးအတွက် ပုဂ္ဂလိကနဲ့ သမဝါယမလုပ်ငန်းများကို အားပေးကူညီရေး၊ (၄) ရွေးကောက်ပွဲကျင်းပပေးရေးဆိုတဲ့ လုပ်ငန်းစဉ် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့တယ်။

ရွေးကောက်ပွဲကျင်းပနိုင်တဲ့ အခြေအနေရောက်လာတဲ့ ၁၉၉၀ပြည့်နှစ်မှာ တရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ် ကမ္ဘာကအသိအမှတ်ပြုရတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့တယ်။

ရွေးကောက်ပွဲ အနိုင်ရကြောင်းသိတာနဲ့တစ်ပြိုင်နက် အင်န်အယ်လ်ဒီက အာဏာလွှဲပေးရေးကို အပူတပြင်း တောင်းဆိုလာခဲ့တဲ့အတွက် တပ်မတော်အစိုးရက ရွေးကောက်ပွဲအနိုင်ရရုံနဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်ကို ရယူပိုင်ခွင့်မရှိသေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လိုအပ်ကြောင်းကို (၁/၉၀) ကြေညာချက်နဲ့ ထုတ်ပြန်အသိပေးခဲ့တယ်။

ဒါကို အင်န်အယ်လ်ဒီက လက်မခံဘဲ သူတို့ဘာသာရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံ ဥပဒေနဲ့အာဏာလွှဲပေးရေးကို တောင်းဆိုခဲ့တယ်။ ဒါဟာ ဒီမိုကရေစီရေးအစဉ်အလာနဲ့ မလျော်ညီလို့ တပ်မတော်အစိုးရက လက်မခံခဲ့ပါ။

ကျော်မြင့်နိုင်

တပ်မတော်အစိုးရက ဒီလိုဒီမိုကရေစီ ဖော်ဆောင်ရေးတွေကို ကာယကံမြောက်လုပ်ဆောင်ခဲ့သော်လဲ အင်န်အယ်လ်ဒီက တပ်မတော်အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို အသိအမှတ်လဲမပြု၊ အမှန်အတိုင်းလဲ ရှုမြင်မှုမရှိဘဲ တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ပြီး ရန်သူအဖြစ် သဘောထားလာခဲ့တယ်။

တတိယအမှားကတော့ ကိုယ့်တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ကျင့်သုံးသင့်တဲ့ ဒီမိုကရေစီထုံးတမ်းစဉ်လာတွေကို ကိုယ့်တိုင်းပြည်ရောက်ရှိနေတဲ့ ရုပ်ဘဝနဲ့ ကိုယ့်တိုင်းပြည်နဲ့သမိုင်းချင်း၊ ရုပ်ဘဝချင်းဆင်တူတဲ့ တိုင်းပြည်တွေနဲ့ စံပြုနှိုင်းယှဉ်ရမယ့်အစား ကိုယ့်တိုင်းပြည်နဲ့ သမိုင်းချင်းမတူ၊ ရုပ်ဘဝချင်းမတူတဲ့ တိုင်းပြည်တွေကို စံပြုအတုယူပုံတူကူးချပြီး လုပ်ဆောင်ကျင့်သုံးလိုခြင်းပဲဖြစ်တယ်။

ကမ္ဘာ့သမိုင်းကို လေ့လာကြည့်ရင် အနောက်အုပ်စုနဲ့ အမေရိကန်တို့လို နိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ စနစ်ဟောင်းအတွင်းမှာ ကြီးထွားဖွံ့ဖြိုးလာတဲ့ အရင်းရှင် (ဈေးကွက်)စီးပွားရေးစနစ်ကြောင့် တိုးတက်လာတဲ့ကုန်လုပ်စွမ်းအားစုတွေနဲ့အညီ ကုန်လုပ်ဆက်ဆံရေးအသွင်တွေပါ လိုက်ပါပြောင်းလဲရတဲ့ သဘာဝတရားအရ တိုင်းရင်းသားအရင်းရှင် လူတန်းစားနဲ့ ၎င်းရဲ့ပါတီတွေက ဒီမိုကရေစီတော်လှန်ရေးကို ရှေ့ဆောင်နိုင်စွမ်းရှိခဲ့မှုကြောင့် အဲဒီတိုင်းပြည်တွေရဲ့ အမျိုးသားနိုင်ငံရေးမှာ တပ်မတော်တွေ ပါဝင်ပတ်သက်စရာ မလိုခဲ့ပါ။

ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီဘဝကလွတ်မြောက်လာတဲ့ အာရှတိုင်းပြည်တွေကို လေ့လာကြည့်ရင်တော့ ကိုလိုနီဘဝမှာ အရင်းရှင် (ဈေးကွက်)စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်ခွင့် လုံလောက်စွာ မရှိခဲ့မှုကြောင့် အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ တိုးတက်မှုမရှိသေးတာရယ်၊ တိုင်းရင်းသားအရင်းရှင် လူတန်းစားဟာလဲ စီးပွားရေး၊ နိုင်ငံရေးတို့အရ ခေါင်းဆောင်မှုအင်အား မရှိတာရယ်တို့ကြောင့် လွတ်လပ်ရေးနဲ့အတူ ဆူပူအုံကြွမှုတွေဖြစ်ပွားပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိဖြစ်ခဲ့တယ်။ ဒီအခြေအနေတွေကြောင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းမှာ တပ်မတော်တွေပါဝင်ပတ်သက်ခဲ့ရပြီး နိုင်ငံတိုးတက်ရေးကို ဦးဆောင်ဦးရွက် လုပ်ဆောင်ခဲ့ကြရတယ်။

ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာတာနဲ့အမျှ ဒီမိုကရေစီရဲ့ ရုပ်အခြေခံ အရင်းရှင် ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာသလို တိုင်းရင်းသားအရင်းရှင် လူတန်းစားနဲ့ ၎င်းရဲ့ ပါတီတို့ဟာလဲ စီးပွားရေး၊ နိုင်ငံရေးတို့အရ နိုင်ငံတော်ကို ရှေ့ဆောင်လာနိုင်တဲ့အခါ တပ်မတော်ခေါင်းဆောင်တွေဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုမှ အလိုအလျောက်ဖြစ်စေ၊ ပြည်သူလူထုရဲ့ တောင်းဆိုမှုကြောင့်ဖြစ်စေ စစ်တန်းလျားကို ပြန်သွားခဲ့ကြတဲ့ အစဉ်အလာ အဖြစ်အပျက်တွေ ရှိခဲ့ပါတယ်။

ထိုင်း၊ တောင်ကိုရီးယားနဲ့ အင်ဒိုနီးရှားမှာ ဒီအတိုင်းဖြစ်ခဲ့တယ်။ ဖိလစ်ပိုင်မှာတော့ အတိုက်အခံခေါင်းဆောင် ပြည်ပမှ တိုင်းပြည်အတွင်း ပြန်အလာ လေဆိပ်မှာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရတဲ့အတွက် ဆူပူအုံကြွမှုဖြစ်ပြီး တည်ဆဲအစိုးရပြုတ်ကျသွားခဲ့တယ်။ အတိုက်အခံခေါင်းဆောင်ရဲ့ဇနီး ကိုရာဇံအကွီနိုကို သမ္မတအဖြစ် တင်မြှောက်လိုက်ကြတယ်။ ဒါပေမယ့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မထိန်းသိမ်းနိုင်တဲ့အတွက် ဗိုလ်ချုပ်ရာမို့စ်က အာဏာတက်ယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်အကောင်အထည်ဖော်ပြီးမှ အရပ်သားသမ္မတတွေ တက်လာခဲ့ရတာပဲဖြစ်တယ်။

မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်ရင် ဗြိတိသျှကိုလိုနီအုပ်စိုးမှုအောက်မှာ အရင်းရှင်စနစ် ဖွံ့ဖြိုးပီပြင်မှုမရှိတာကြောင့် တိုင်းရင်းသားအရင်းရှင်လူတန်းစား တိုးတက်ဖြစ်ပေါ်ခွင့် လုံးဝမရှိခဲ့ပါ။ ဒါကြောင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိခဲ့ချိန်မှာ ဒီမိုကရေစီရေး ရုပ်အခြေအနေဖြစ်တဲ့ ခေတ်မီအရင်းရှင် ကုန်လုပ်စွမ်းအားစုတွေ ရှိသင့်သလောက် မရှိခဲ့သလို စီးပွားရေး၊ နိုင်ငံရေးတို့အရ တိုင်းပြည်ကို ရှေ့ဆောင်သွားနိုင်မယ့် တိုင်းရင်းသားအရင်းရှင် လူတန်းစားနဲ့ ၎င်းရဲ့ပါတီလဲ မရှိခဲ့ပါ။

အဲဒီရုပ်ဘဝအခြေအနေအရ ၁၉၄၈ခုနှစ် လွတ်လပ်ရေးနဲ့အတူ အရှေ့အာရှမှာ မြန်မာနိုင်ငံဟာ အကျယ်ပြန့်အနက်ရှိုင်းဆုံးသော ရောင်စုံသူပုန်ထမှုကြီးဖြစ်ပေါ်လာခဲ့ပြီး ဖဆပလအစိုးရက နိုင်ငံတော်ကို ရှေ့ဆောင်အုပ်ချုပ်စဉ် ကာလမှာပင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်ရဲ့ ခေါင်းဆောင်မှုကို ၁၉၄၉မှာ တစ်ကြိမ်၊ ၁၉၅၈မှာ တစ်ကြိမ်ခံယူပြီး နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုမှာ တာဝန်ပေးလက်တွဲ ဆောင်ရွက်ခဲ့ရတယ်။

တစ်နေ့တခြား ကွဲပျက်ပြိုကျနေတဲ့ ဖဆပလအစိုးရနဲ့ ဖဆပလ အဖွဲ့ချုပ်တို့ဟာ ၁၉၆၂ခုနှစ်မှာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိန်းသိမ်းနိုင်တော့တဲ့ အနေအထားကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရပြန်တယ်။

တော်လှန်ရေးကောင်စီအစိုးရဟာ နိုင်ငံတော်အာဏာကိုရယူပြီးနောက် စစ်အေးတိုက်ပွဲလွှမ်းမိုးနေတဲ့ အဲဒီကာလက လူကြိုက်များခေတ်စားနေတဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးအတွက် ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်ကို တည်ဆောက်ဖို့ ပုဂ္ဂလိကပိုင်ပစ္စည်းအားလုံးကို ပြည်သူပိုင်သိမ်းလိုက်တဲ့အတွက် မြန်မာနိုင်ငံဟာ **"လူတန်းစားမဲ့ လူ့အဖွဲ့အစည်း"** ဖြစ်သွားခဲ့တယ်။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရတက်လာတဲ့အခါ ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကိုဖွင့်ပေးခဲ့တာရယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ပြီး ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ပြီး ပုဂ္ဂလိကရောင်းကုန် ထုတ်လုပ်ရေးနဲ့ ကုန်လုပ်ကုန်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်လာစေတာရယ်ကြောင့် တိုင်းရင်းသား အရင်းရှင်လူတန်းစားနဲ့ ပုဂ္ဂလိက ကုန်လုပ်ကုန်သွယ်ရေးတွေ ဖြစ်ပေါ်တိုးတက်လာတဲ့အတွက် ဒီနေ့ကာလဟာ အလုပ်သမားလူတန်းစားနဲ့ တိုင်းရင်းသား အရင်းရှင်လူတန်းစား စတင်ဖြစ်ပေါ်တိုးတက်လာစ ကာလသာဖြစ်ပါသေးတယ်။

စာမျက်နှာ ၄ ကော်လံ ၁

တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံက အင်န်အယ်လ်ဒီကိုယ်စားလှယ်တွေ ထွက်သွားသော်လဲ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုတဲ့ ပြည်သူတွေရဲ့ မျှော်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို ချမှတ်လုပ်ဆောင် အကောင်အထည်ဖော်ခဲ့တယ်။

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ဒီလိုအခြေအနေနဲ့ အချိန်အခါ (ဒီမိုကရေစီရဲ့ရုပ်အခြေခံ ကုန်လုပ် စွမ်းအားစုတွေရဲ့ အနေအထားနဲ့ တိုင်းရင်းသားအရင်းရှင် လူတန်းစားရဲ့ စီးပွားရေး၊ နိုင်ငံရေးမှာ ရောက်ရှိနေတဲ့အနေအထား)ကို ထည့်သွင်း စဉ်းစားခြင်း အလျဉ်းမရှိဘဲ သမိုင်းချင်းလဲမတူ၊ ရုပ်ဘဝ အခြေခံ ချင်းလဲ လုံးဝခြားနားနေတဲ့ အနောက်တိုင်းရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းခဲ့ပုံတွေ ဒီမိုကရေစီ ထုံးတမ်းစဉ်လာတွေနဲ့ တရားသေနှိုင်းယှဉ် ချဉ်းကပ်သုံးသပ်ပြီး ၁၉၉၃ အမျိုးသားညီလာခံနဲ့ အနာဂတ်မြန်မာနိုင်ငံရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင် ထမ်းဆောင်ရေးကို စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအဖြစ်လွဲမှားစွာ ရှုမြင်ခံယူပြီး ဝါဒစွဲ၊ ဆန္ဒစွဲ၊ပုဂ္ဂိုလ်စွဲတွေနဲ့ အပြင်းအထန် ဝေဖန်ဆန့်ကျင် နေကြတာပဲဖြစ်တယ်။

ဒါဟာ ကိုယ်ဝတ်မယ့်အင်္ကျီကို ကိုယ့်ခန္ဓာကိုယ်နဲ့မတိုင်းဘဲ သူ တစ်ပါးခန္ဓာကိုယ်နဲ့ သွားတိုင်းနေတာမျိုးလို ဖြစ်နေတယ်။ သက်ရောက် လာတဲ့ အကျိုးကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်မလာ နိုင်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်မဖော်နိုင်ဘဲ ဒီနေ့ကာလအထိ ကြာရှည်နေခဲ့ရတာပဲဖြစ်တယ်။

စတုတ္ထအမှားကတော့ တပ်မတော်အစိုးရ လုပ်ဆောင်ချက်နဲ့ အင်န်အယ်လ်ဒီတို့ရဲ့လုပ်ဆောင်ချက်မှာ တပ်မတော်အစိုးရရဲ့ လုပ်ဆောင် ချက် အမှန်တွေကို အမှားလုပ်ပြီး အင်န်အယ်လ်ဒီရဲ့ မှားတဲ့လုပ်ဆောင်ချက် တွေကို အမှန်လုပ်ကာ“အမှန်နဲ့အမှားကို ပြောင်းပြန်လှန်ပြီး အမှားဘက်မှ ဘက်လိုက်ကာ အမှန်ကို ဖိအားပေးနေမှု” ပဲဖြစ်တယ်။

တပ်မတော်အစိုးရနဲ့ အင်န်အယ်လ်ဒီအဖွဲ့ချုပ်တို့ရဲ့ ဒီမိုကရေစီ ထူထောင်ရေးသဘောထားနဲ့ ကာယကံမြောက်လုပ်ဆောင်ချက်တွေကို ထဲထဲဝင်ဝင် စေ့စေ့စပ်စပ် နှိုင်းယှဉ်လေ့လာသုံးသပ်ကြည့်ရင်–

တာဝန်ယူလုပ်ဆောင် အကောင်အထည်ဖော်ဖို့ တာဝန်ရှိသူတွေ အနေနဲ့ တာဝန်မယူမှုကြောင့် တပ်မတော်အစိုးရဟာ ၁၉၉၂ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး၊ အမျိုးသားညီလာခံကျင်းပရေးကို သက်ဆိုင်သူအားလုံးနဲ့ သုံးကြိမ်တိုင် ဆွေးနွေးညှိနှိုင်း သဘောတူညီချက် အရ (၁)ပြည်ထောင်စု မပြိုကွဲရေး၊(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊(၃) အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ (၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားရေး၊(၅) နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမို ထွန်းကားရေး၊ (၆)အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်ရေးဆိုတဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး အကျိုးစီးပွားနဲ့ ကိုက်ညီလိုအပ်တဲ့ အမျိုးသား ညီလာခံ ဦးတည်ချက် (၆)ရပ်နဲ့ အမျိုးသားညီလာခံကို ၁၉၉၃ မှာ ကျင်းပပေးခဲ့တယ်။

ဒီအမျိုးသားညီလာခံဟာ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေ အထူး သဖြင့် အင်န်အယ်လ်ဒီပါတီတို့ မဟာမိတ်ပြု လက်တွဲပူးပေါင်းပြီး ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးနဲ့ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးသို့ ရှေးရှု ဦးတည်လုပ်ဆောင်တဲ့ သမိုင်းဝင်ညီလာခံကြီးဖြစ်တယ်။

ဒါပေမယ့် ဒေါ်စုကြည်ကတော့ ဒီအမျိုးသားညီလာခံကို အတု အယောင် ညီလာခံအဖြစ် ရှုမြင်ခံယူတယ်။ ဦးအောင်ရွှေ ခေါင်းဆောင် တဲ့ အင်န်အယ်လ်ဒီ ကိုယ်စားလှယ်တွေ အမျိုးသားညီလာခံ တက်ရောက် ဆွေးနွေးနေတာ သူနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြောင်း သတင်းထောက်တွေကို ထုတ်ဖော်ပြောဆိုပြီး“**တွေ့ဆုံ ဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး”** ကို ရွေးကြရမယ်။ (We have to choose between dialogue or utter devastation) ဆိုတဲ့ ထိပ်တိုက် ရင်ဆိုင်ရေး သဘောထားကြောင့် ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၇ ရက် နေ့မှာ အင်န်အယ်လ်ဒီ ကိုယ်စားလှယ်တွေက အမျိုးသားညီလာခံကို ဝေဖန်မှုတွေနဲ့ တွေ့ဆုံဆွေးနွေးရေး တောင်းဆိုမှုကို ညီလာခံဥက္ကဋ္ဌထံ ပေးပို့ကာ နိုဝင်ဘာလ ၂၈ရက်နေ့မှာ သဘောထားပြန်ကြားဖို့ တောင်း ဆိုခဲ့တာကို သဘောထားမပြန်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ညီလာခံကို ကျောခိုင်းထွက်ခွာသွားကြတယ်။

တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံက အင်န်အယ်လ်ဒီ ကိုယ်စားလှယ်တွေ ထွက်သွားသော်လဲ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် ရေးဆိုတဲ့ ပြည်သူတွေရဲ့ မျှော်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို ချမှတ်လုပ်ဆောင် အကောင်အထည်ဖော်ခဲ့တယ်။

လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် “စိုက်ပျိုးရေးကိုအခြေခံ ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ရည်မှန်းချက်အရ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်ချက်တွေကို အင်တိုက်အားတိုက် အကောင် အထည်ဖော်ရင်း တစ်ဖက်ကစက်မှုဇုန်တွေဖွင့်ပြီး စက်မှုဖွံ့ဖြိုးရေးလုပ်ငန်း တွေကို အားပေးတည်ဆောက်တယ်။ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့ မြန်ဆန်ရေးအတွက် လမ်း၊ တံတားတွေ မကြုံဖူးအောင် ဖောက်လုပ်တယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးတွေနဲ့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးတွေကို အားသွန်ခွန်စိုက် လုပ်ဆောင်တယ်။ ပညာရေး၊ ကျန်းမာရေးအတွက် လိုအပ်တဲ့အခြေခံ အဆောက်အအုံတွေကို တိုင်းပြည်အနှံ့တည်ဆောက်တယ်။ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးတွေ လုပ်ဆောင်ပေးခဲ့တယ်။

သက်ရောက်လာတဲ့ အကျိုးတွေကတော့ လွတ်လပ်ရေးရပြီး ကတည်းက တည်ငြိမ်အေးချမ်းမှုမရှိခဲ့တဲ့ မြန်မာနိုင်ငံဟာ တိုင်းနဲ့ပြည်နယ် အားလုံးမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ တည်ငြိမ်အေးချမ်းမှုကို ရရှိခဲ့တယ်။ စီးပွားရေးအရ ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ လမ်းစဉ်ပါတီခေတ်စတဲ့ ခေတ်တွေနဲ့ယှဉ်လိုက်ရင် ဘယ်ခေတ်ကမှ မရှိဖူးတဲ့ တိုင်းပြည်နဲ့ ပြည်သူတွေ (နယ်စပ်ဒေသအပါအဝင်) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှုအဆင့်အတန်း မြင့်မားမှုတွေ ဖြစ်ထွန်းတိုးတက်လာခဲ့တယ်။ ဘိန်းစိုက်ပျိုးမှု ရာခိုင်နှုန်း ၅၀ကျော် ကျဆင်းသွားစေခဲ့တယ်။ ဘယ်ကာလ ကမှ မရှိဖူးသေးတဲ့ ရထားလမ်းသစ်၊ ကားလမ်းသစ်တွေတည်ဆောက်ပြီး လမ်းပန်းဆက်သွယ်မှုကို တိုးတက်ကောင်းမွန်စေခဲ့တယ်။ ပြည်နယ်/ တိုင်းအလိုက် ကျန်းမာရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံ တွေ တည်ဆောက်ပေးခဲ့တယ်။

အာဆီယံအဖွဲ့၊ ဘင်းမ်စတက်အဖွဲ့၊ အာရှနိုင်ငံများနဲ့အတူ ဒေသ ဆိုင်ရာငြိမ်းချမ်းရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေမှာ ပါဝင် လုပ်ဆောင်နိုင်ခဲ့တယ်။

> **နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွား ထမ်းဆောင်မှုဖြစ်ပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် ကောင်းကျိုး ချမ်းသာကို မလုပ်နိုင်ဘဲ ဆိုးကျိုးတွေကို လုပ်မိတဲ့ နိုင်ငံရေးပါတီတွေဟာ ပြည်သူရဲ့ထောက်ခံမှု မရှိတဲ့ ရေနည်းငါးဘဝနဲ့ ကျဆုံးပျောက်ကွယ်သွား ကြတဲ့ သင်ခန်းစာတွေဟာ ပြည်တွင်းရော ပြည်ပမှာပါ ပြောပြလို့ မကုန်နိုင်အောင် မြောက်မြားစွာရှိနေပါတယ်။**

တစ်ချိန်သောကာလက ယာယီအားဖြင့် အမြင်လွဲမှားခဲ့တဲ့ အိမ်နီး ချင်း နိုင်ငံတချို့ဟာ တပ်မတော်အစိုးရရဲ့ စေတနာအမှန်နဲ့ ကာယကံ မြောက် လုပ်ဆောင်ချက်တွေရဲ့ အကျိုးသက်ရောက်မှုတွေကို တွေ့မြင်လာ ခဲ့တာကြောင့် တပ်မတော်အစိုးရအပေါ် သဘောထားတွေ ပြောင်းလဲလာပြီး အပြုသဘောဆက်ဆံရေးတွေနဲ့ ပူးပေါင်းဆောင်ရွက်လာတယ်။

အင်န်အယ်လ်ဒီကတော့ အမျိုးသားညီလာခံမှ ထွက်ခွာပြီးကတည်း က အမျိုးသားညီလာခံနဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော် ပါဝင်ထမ်းဆောင်ရေးကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးဘဲ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အရ အာဏာလွှဲပေးရေးသဘောထားနဲ့ ရှေးရှုရည်ရွယ်တဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဆက်တိုက်တောင်းဆိုပြီး တစ်ဖက်က စင်ပြိုင်အစိုးရသဘောဆောင်တဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းပြီး ထိပ်တိုက်ရင်ဆိုင်ရေး လမ်းကိုသာ လျှောက်လှမ်းခဲ့တယ်။

နယ်စပ်ဒေသမှ တိုင်းရင်းသားလက်နက်ကိုင် လက်ကျန်အဖွဲ့တွေ၊ ပြည်ပြေးတွေနဲ့ တရားမဝင်ဖွဲ့စည်းထားတဲ့ အင်န်စီဂျီယူဘီ ခေါ် ပြည် ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီရဲ့ (၁)ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေး၊ (၂) အမျိုးသားညီလာခံကို တိုင်းရင်းသားများ ဆန့်ကျင်ရေး၊ (၃) နိုင်ငံတော်ကို အကျိုးပြုစေမည့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ဆန့်ကျင်ရေး၊ (၄) အာဆီယံသို့မြန်မာဝင်ခွင့်မရအောင် ဟန့်တားနှောင့်ယှက်ရေးဆိုတဲ့ မဲသရောထ ဆုံးဖြတ်ချက်ကို အင်န်အယ်လ်ဒီက ထောက်ခံခဲ့တယ်။

အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရား အမှားကို ကိုင်စွဲကာ တိုင်းပြည်နဲ့ ပြည်သူတွေ စီးပွားရေးကျဆင်းပြီး ၁၉၈၈ ဆူပူအုံကြွမှုမျိုးနဲ့ တည်ဆဲအစိုးရကို ဖြုတ်ချအာဏာရယူရေး အတွက် နိုင်ငံတကာမှ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့အကျပ်ကိုင်ဖို့ ဘယ်သူသေသေ ငတေ မာရင်ပြီးရော သဘောထားနဲ့ တောင်းဆိုခဲ့တယ်။ အနောက်အုပ်စုနိုင်ငံတွေကလဲ သူတို့ကြိုးဆွဲရာ ကမယ့်လူရဲ့ ငါ့စကား နွားရ အစမ္မဝါဒကို ပြောင်ပြောင်တင်းတင်းဘက်လိုက်ပြီး အကြောင်း အမျိုးမျိုးရှာကာ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့မှုတွေနဲ့ ဖိအားပေးခဲ့၊ ပေးဆဲဖြစ်တယ်။

သက်ရောက်လာတဲ့အကျိုးကတော့ တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို ဖုံးခွဲလုပ်ကြံမှုအပါအဝင် မြန်မာနိုင်ငံဒေသ အတော် များများမှာ ဗုံးခွဲမှုတွေ၊ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံကိုပို့တဲ့ ဓာတ်ငွေ့ ပိုက်လိုင်းကို ဗုံးခွဲမှုတွေဖြစ်ပေါ်ခဲ့တယ်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာ သံရုံးကို ဝင်စီးပြီး ငွေနဲ့ပစ္စည်းတချို့ လုယူသွားမှုတွေ ဖြစ်ပွားခဲ့တယ်။ အနောက်အုပ်စုနဲ့ ပြည်ပြေးတွေပူးပေါင်းပြီး “မော်စလေ”တို့လို အစွန်း ရောက်သမားနဲ့ ဘာမှသိနားလည်မှုမရှိတဲ့ နိုင်ငံခြား ကျောင်းသူ ကျောင်းသားတွေကို လှည့်စားသိမ်းသွင်းပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက် ကာ (၈)လေးလုံး၊ (၉)လေးလုံး ဆူပူမှုတွေဖြစ်အောင် သွေးထိုးလှုံ့ဆော် စေခဲ့တယ်။ (ဒီလုပ်ဆောင်ချက်ဟာ ဝင်ရောက်ကျူးကျော်လှုံ့ဆော်တဲ့ ကျောင်းသူ ကျောင်းသားတွေနေထိုင်ရာ တိုင်းပြည်အစိုးရနဲ့ မြန်မာအစိုးရ ပဋိပက္ခဖြစ်ရေး၊ အဲဒီတိုင်းပြည်တွေက မြန်မာနိုင်ငံအကြောင်းကို ဂဃနဏ မသိတဲ့ ပြည်သူတွေအနေနဲ့ မြန်မာအစိုးရကိုအထင်လွဲဆန့်ကျင်လာရေး လုပ်ဆောင်ချက်လဲ ဖြစ်တယ်။)

အမေရိကန်အစိုးရရဲ့ ဖိအားပေးမှုကြောင့် မြန်မာပြည်ချုပ် အထည် ဝယ်ယူတင်သွင်းခွင့်တွေ ရုပ်ဆိုင်းသွားခဲ့လို့ စက်ရုံတွေပိတ်ရပြီး အလုပ် သမားတွေ ဒုက္ခရောက်ခဲ့ရတယ်။ အလုပ်လက်မဲ့ဖြစ်ကုန်ကြရတယ်။

နောက်ဆုံး မေ ၃၀က ဒီပဲယင်းမှာ တပ်မတော်ကို ထောက်ခံသူနဲ့ တပ်မတော်ကို ဆန့်ကျင်သူချင်း ပဋိပက္ခဖြစ်မှုကြီးအထိ ပေါ်ပေါက်လာခဲ့ရ တယ်။

အကျဉ်းချုပ်လိုက်ရင် အင်န်အယ်လ်ဒီရဲ့ ဒီမိုကရေစီဖော်ဆောင် ရေး မျက်နှာဖုံးစွပ်ထားတဲ့ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ဟာ တိုင်းပြည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် မပါမပြီး၊ မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေခဲ့တယ်။ ဒီမိုကရေစီရဲ့လိုအပ်တဲ့ ရုပ်အခြေခံတွေကို ဖန်တီးဖော်ဆောင်ပေးမယ့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်တိုးတက်ရေးကို နှောင့်ယှက်တားဆီးနေတယ်။

ဒါတွေဟာ**“ဒီမိုကရေစီနဲ့ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ ဒီမိုကရေစီ ဆန့်ကျင်ရေးလုပ်ဆောင်ချက်”**တွေသာ ဖြစ်နေပါတယ်။

ဒီလိုတပ်မတော်အစိုးရနဲ့ အင်န်အယ်လ်ဒီတို့ရဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေး လမ်းနှစ်သွယ် လုပ်ဆောင်ချက်တွေနဲ့ အကျိုးသက်ရောက်မှု တွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်သူရဲ့ လမ်းစဉ်က ကောင်းကျိုး တွေဖြစ်စေပြီး ဘယ်သူရဲ့လမ်းစဉ်က ဆိုးကျိုးတွေဖြစ်ပေါ်စေတယ် ဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေပေမယ့် အနောက်အုပ်စု နိုင်ငံတွေနဲ့ နိုင်ငံတချို့မှ ဒီမိုကရေစီရေး လိုလားထောက်ခံသူလို့ အမည်ခံထားသူတွေဟာ တပ်မတော်အစိုးရရဲ့ လုပ်ဆောင်ချက်နဲ့ အကျိုး သက်ရောက်မှုတွေကို တစ်ခုမှအကောင်းမမြင်၊ အကောင်းမပြောဘဲ အင်န်အယ်လ်ဒီရဲ့ လုပ်ဆောင်ချက်နဲ့ အကျိုးသက်ရောက်မှုတွေကိုတော့ ခြောက်ပစ်ကင်းတဲ့ ဒီမိုကရေစီရေး လုပ်ဆောင်ချက်တွေအဖြစ် မျက်လုံး စုံမှိတ်ပြီး ထောက်ခံပြောဆို သိဒ္ဓိမျိုးစုံ တင်ပေးနေကြတယ်။

“ပါတီတစ်ခုရဲ့ တည်မြဲတိုးတက်ရေးဟာ ကိုယ့်အမှားတွေကို အမြဲမပြတ်ရှာဖွေသုံးသပ် ပြင်ဆင်နိုင်ရေးပေါ်မှာတည်နေတယ်။”ဒါပေမယ့် အနောက်နိုင်ငံနဲ့ နိုင်ငံအချို့မှ ဒီမိုကရေစီရေး လိုလားထောက်ခံသူလို့ အမည်ခံထားသူတွေရဲ့ အင်န်အယ်လ်ဒီကို ညာသံပေးပြီး အားပေးကူညီ ထောက်ခံနေမှုတွေဟာ မိမိအမှားတွေကို မိမိပြန်လည်ဝေဖန်သုံးသပ် ပြင်ဆင်ရေးလမ်းကြောင်းကနေ အင်န်အယ်လ်ဒီကို ဝေးသည်ထက်ဝေး အောင် တွန်းပို့ပေးနေတယ်။ **နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့လူမျိုးအကျိုး စီးပွားထမ်းဆောင်မှုဖြစ်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် ကောင်းကျိုး ချမ်းသာကို မလုပ်နိုင်ဘဲ ဆိုးကျိုးတွေကိုလုပ်မိတဲ့ နိုင်ငံရေးပါတီတွေဟာ ပြည်သူရဲ့ထောက်ခံမှုမရှိတဲ့ ရေနည်းငါးဘဝနဲ့ ကျဆုံးပျောက်ကွယ်သွား ကြတဲ့ သင်ခန်းစာတွေဟာ ပြည်တွင်းရော ပြည်ပမှာပါ ပြောပြလို့ မကုန်နိုင်အောင် မြောက်မြားစွာရှိနေပါတယ်။**

အနောက်အုပ်စုနဲ့ နိုင်ငံတချို့မှ ဒီမိုကရေစီ လိုလားထောက်ခံသူ တွေလို့အမည်ခံထားသူတွေဟာ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒ လမ်းစဉ်(၇)ရပ်နဲ့ အမျိုးသားညီလာခံကို အဆိုးမြင်ဝါဒနဲ့ဝေဖန်ပြီး ဒီညီလာခံမှာ ဒေါ်စုကြည်နဲ့ အင်န်အယ်လ်ဒီမပါတဲ့အတွက် တရားမဝင် ဘူးဆိုတာတွေနဲ့ နေ့စဉ်မပြတ် သွေးထိုးလှုံ့ဆော်ခြင်း၊မြန်မာ့ဒီမိုကရေစီရေး ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ပေးရေးအတွက် ကြိုးပမ်း စည်းရုံးခြင်း၊ သူတို့အကြိုက် ပြုပြင်ပြောင်းလဲမှုတွေ လိုက်မလုပ်ရင် အာဆီယံက ထုတ်ပယ်ရေး၊ ၂၀၀၆ခုနှစ် အာဆီယံဥက္ကဋ္ဌ နေရာမပေး ရေး စတာတွေနဲ့ အာဆီယံဟာ မြန်မာနိုင်ငံကြောင့် ဂုဏ်သိက္ခာညှိုးနွမ်းနေ တယ်ဆိုတာမျိုးတွေနဲ့ အာဆီယံက အနောက်အုပ်စုနဲ့ လိုက်ပါပူးပေါင်းပြီး မြန်မာနိုင်ငံအစိုးရကို ဖိအားပေးစေဖို့ ကြိုးပမ်းနေခြင်းစတဲ့ တစ်ဖက်သတ် လုပ်ရပ်အမှားတွေနဲ့ မြန်မာ့ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်နေ ကြတယ်။

အဲ့ဒီပြည်ပအားပေးစွက်ဖက်မှုတွေကို အားကိုးပြီး ဒေါ်စုကြည် ပြန်လွတ်ရေး၊ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွတ်ရေးကို မြန်မာ့ ဒီမိုကရေစီရေးဖြစ်အောင် လှုံ့ဆော်စည်းရုံးရင်း အင်န်အယ်လ်ဒီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် နိုင်ငံတော်အာဏာကို ရယူနိုင်တဲ့ ရွှေပြည်တော်လမ်းမကြီးကို မလျှောက်လှမ်းဘဲ ဒီမိုကရေစီ အစဉ်အလာ မဟုတ်တဲ့ ကိုယ့်ဘာသာ ကိုယ်ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံနဲ့ အာဏာရယူရေးကတစ်ဖက်၊ တည်ဆဲအစိုးရကို ပြည်သူတွေနဲ့ ထိပ်တိုက်ရင်ဆိုင် အလုံးစုံပြိုကွဲပျက်သုဉ်းစေပြီး အာဏာရယူရေးက တစ်ဖက်ဆိုတဲ့ နှစ်လမ်းသွားနည်းဗျူဟာနဲ့ အာဏာရအောင် ကြိုးပမ်း လုပ်ဆောင်နေတာကို တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်မှု မှန်ကန်မြန်ဆန်စေ ရေးနဲ့ ဒေါ်စုကြည်ရဲ့ နေအိမ်မှာ တားဆီးမိန့်နဲ့ သံသရာလည်နေရမှုတွေမှ ထာဝရလွတ်မြောက်နိုင်ရေးဆိုတဲ့ အကျိုးတရားတွေကို ဖြစ်စေနိုင်တဲ့ အကြောင်းတရားအဖြစ် အမှားကြီးလေးရပ်ကို အချိန်မီ ပြင်ဆင်ရေးနဲ့ အနောက်အုပ်စုနဲ့ ပြည်ပနိုင်ငံတချို့မှ ဒီမိုကရေစီရေး အားပေးထောက်ခံ သူ အမည်ခံတွေရဲ့**“အမှန်ကိုအမှားလုပ်၊ အမှားကို အမှန်လုပ်ပြီး”** အမှားဘက်က ဘက်လိုက် ဖိအားပေးနေမှုတွေ ရပ်ဆိုင်းရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အနှောင့်အယှက်အတား အဆီးတွေမရှိဘဲ ဆက်လက်ကျင်းပနိုင်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းလာရေးတို့ဟာ မျက်မှောက်မြန်မာ့နိုင်ငံရေးရဲ့ မဖြစ်မနေ လိုအပ်ချက်များဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတော်၏ ၁၇၁ ခုမြောက် ဆည်တမံအဖြစ် ငမိုးရိပ်ရေထိန်းတံခါးဖွင့်လှစ် နွေစပါး ၅၈၉၅ ဧက စိုက်ပျိုးရေပေးဝေပြီး ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ငမိုးရိပ်ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ငမိုးရိပ်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းမှ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တည်ဆောက်အကောင်အထည်ဖော်

အစီအစဉ်အရ ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့်ရေထိန်းတံခါးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးသည့်နောက် တည်ဆောက်ပြီးစီးခဲ့သည့် ၁၇၁ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၅ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့ ပါဝင်နေပြီး ယင်းဒေသအတွင်း ငမိုးရိပ်ချောင်းဖြတ်သန်းစီးဆင်းနေခြင်းဖြစ်၍ ချောင်းအတွင်း ရေချိုသိုလှောင်ပြီး ချောင်းဘေးဝဲယာ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု တည်ဆောက်ပြီးစီးခဲ့သည့် ငမိုးရိပ်ရေထိန်းတံခါးကြီးသည် ငမိုးရိပ်ဆည်ရေသောက်စနစ်မှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းလက်တက်မှ စီးဆင်းလာသော ရေများနှင့် စိုက်ကွင်းများမှစီးဆင်းလာသော ပိုလျှံရေများကို ငမိုးရိပ်ချောင်းအတွင်း သိုလှောင်ထားနိုင်ပြီး ရေစုပ်စက်များဖြင့် နွေစပါး ၅၈၉၅ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်မှာဖြစ်သကဲ့သို့ နွေရာသီမှာ ရေထိန်းတံခါးကိုပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ဆည်မြောင်းဥပဒေလိုက်နာ

နိုင်ငံတော်က ငွေကြေးမြောက်မြားစွာရင်းနှီးမြှုပ်နှံပြီး မိမိတို့လက်ဝယ်ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက် အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ ရေထိန်းတံခါး၊ ရေပေးမြောင်းများ၊ ရေပေးမြောင်း အဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံ ဆိုင်ရာဥပဒေများကို လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။

အစုအဖွဲ့အလိုက်တည်ရှိ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ယခုဖွင့်လှစ်သည့် ငမိုးရိပ်ရေထိန်းတံခါးအပါအဝင် ဆည်၊ တမံစီမံကိန်းလုပ်ငန်းပေါင်း ၁၇၁ ခုကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရေသောက်ဧရိယာများသည် မြေချင်းဆက်၍ ပေါ်ထွက်လာသကဲ့သို့ ရေထိန်းတံခါးများမှာလည်း အစုအဖွဲ့အလိုက် တည်ရှိလာခဲ့ပြီဖြစ်ကြောင်း။

သဘာဝကြောင့် ဖြစ်ပေါ်နေသည့် အခက်အခဲ အဟန့်အတားများကို အောင်မြင်ကျော်လွှားနိုင်ရန် မိမိတို့စွမ်းအားဖြင့် အတတ်ပညာကို အသုံးချပြီး စီမံဆောင်ရွက်ပေးနေသည့် ရလဒ်အဖြစ် ယခု ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ငမိုးရိပ် ရေထိန်းတံခါး ပေါ်ထွက်လာခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒေသနေပြည်သူများအနေနှင့် နိုင်ငံတော်၏ စေတနာပံ့ပိုးမှု အမွေအနှစ်တစ်ခုအဖြစ် တိုးပွားရရှိလာခဲ့ပြီဖြစ်သော ငမိုးရိပ် ရေထိန်းတံခါးကို ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းပြီး နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်အောင် တစ်တပ်တစ်အား စွမ်းဆောင်ဖြည့်ဆည်းပေးကြပါဟု ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်သူများကိုယ်စား ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ ဒေသခံ ဦးတင်ဝင်းက ငမိုးရိပ် ရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ငမိုးရိပ် ရေထိန်းတံခါး ဖွင့်လှစ်ရန်အတွက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါး မှခ်ဦးထိပ် သတ်မှတ်နေရာများ၌ နေရာယူကြပြီးနောက် အစီအစဉ်အရ ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ငမိုးရိပ် ရေထိန်းတံခါး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးတို့သည် ငမိုးရိပ် ရေထိန်းတံခါး ကမ္ပည်းကျောက်စာပေါ်သို့ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ငမိုးရိပ် ရေထိန်းတံခါးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငမိုးရိပ်ရေထိန်းတံခါးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းခန်းမ၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ် ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များ၊ သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

၁၅ ခုမြောက်စီမံကိန်း

ယခုဖွင့်လှစ်သည့် ငမိုးရိပ်ရေထိန်းတံခါးသည် နိုင်ငံတော်၏ ဆည်၊ ရေလှောင်တမံနှင့် ရေထိန်းတံခါး ဖွင့်လှစ်နိုင်မှုတွင် ၁၇၁ ခုမြောက်ဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၅ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်သည်။

အဆိုပါ ငမိုးရိပ်ရေထိန်းတံခါးသည် အမြင့် ၁၂ ပေ၊ အကျယ် ရှစ်ပေရှိသည့် ရေတံခါး ၁၈ ပေါက်နှင့် အမြင့် ၁၂ ပေ၊ အကျယ်ခြောက်ပေ ကိုးလက်မရှိသည့် သဲနုန်းထုတ်ရေတံခါး ရှစ်ပေါက်အပါအဝင် ရေတံခါး ၂၆ ပေါက်ပါရှိသည့် ရေသွင်းရေထုတ်နိုင်သည့် ရေတံခါးအမျိုးအစားဖြစ်ပြီး အလျားပေ ၁၂၀၀ ရှိသည့် ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၂၀၀၀ ရှိသည့် ရေထုတ်မြောင်းမကြီးများဖြင့် ပါဝင်တည်ဆောက်ထားသည်။

တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး

ငမိုးရိပ် ရေထိန်းတံခါးစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းမှ စီးဆင်းလာသောရေများနှင့် စိုက်ကွင်းများမှ စီးဆင်းလာသော ပိုလျှံရေများကို အကျိုးရှိရှိအသုံးချနိုင်ရန်၊ ငမိုးရိပ်ချောင်းအတွင်း ရေထိန်းတံခါး တည်ဆောက်ကာ ရေများသိုလှောင်ထားနိုင်သဖြင့် နှစ်စဉ်နွေစပါးဧက ၆၀၀၀ ခန့် ရေပေးဝေစိုက်ပျိုးနိုင်ပြီး မိုးရာသီတွင် ငမိုးရိပ်ချောင်းတစ်လျှောက်ရှိ လယ်မြေများကို ရေငန်ဝင်ရောက်ခြင်းမှ တားဆီးနိုင်မည့်အပြင် နွေရာသီတွင် ရေထိန်းတံခါးအားပိတ်၍ ရေသိုလှောင်ကာ စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင် ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်တွင် တည်ဆောက်ခဲ့သော ငမိုးရိပ်ရေထိန်းတံခါးတွင် ပါဝင်သည့် အဖွင့်အပိတ်တံခါး ၂၆ ပေါက်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည်

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိ ဒေါက်တာဦးသိန်းဦးဘိုးစော၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစော၏ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း" နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကော်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် မေ ၂၁ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက 'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများကို ဖော်ပြရမည်ဆိုပါက-

(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံး ငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ယူပေးအပ်သော ကျန်ဒုတိယသမ္မတ တစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်သင့်သည့် ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကိုလည်းကောင်းဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ - ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ - ဒုတိယဥက္ကဋ္ဌများ
(၃ ပြည်ထောင်စုရှေ့နေချုပ် - အဖွဲ့ဝင်
(၄) ပြည်ထောင်စုစာရင်းစစ်ချုပ် - အဖွဲ့ဝင်
(၅) တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်များ - အဖွဲ့ဝင်များ
(၆) ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ - အဖွဲ့ဝင်
(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး - အတွင်းရေးမှူး

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူမရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(၂) ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့အပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်သည်။

သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိ ပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော'ဘဏ္ဍာရေး ကော်မရှင်ဖွဲ့ စည်း ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း'နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးမှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်း ပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများထုတ်ချေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမည်။

(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတသို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်။

(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော-

(၁) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်အဖွဲ့အစည်းဝင်များ၏လစာ၊ စရိတ်နှင့်ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သော အခြားကုန်ကျစရိတ်များ၊

(၃) တရားရုံးသို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီ အရပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

(ဈ) အထက်ပိုဒ်(ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များ အတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

(ည) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်း ထားသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့်သုံးငွေများခွင့်ပြုရန် လိုအပ်သည့် အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါ နည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ဌ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်။

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေသို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံး ခန့်မှန်းခြေငွေစာရင်းကိုသက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံ တင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက် ရမည်။

ယင်းသို့ဆောင်ရွက်ရာတွင်-

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့အကြီးအကဲများနှင့် အဖွဲ့အစည်း ဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့်ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့်အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့ခွင့်ပြုခြင်းမပြုရ။

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြေယာခွန်၊

(၂) ယစ်မျိုးခွန်၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့်ထို ဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊

(၅) (ကက) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

(ခခ) သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်း လုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများရောင်းရငွေ နှင့်ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုးအမြတ် များ၊

(၈) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်း များအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန် အခများနှင့် အခြားရငွေများ၊

(၉) တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ တရားရုံးများကချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှု အတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေး သဖြင့် ရရှိသောအတိုးများ၊

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊

(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် အခများ-

(ကက) ကျွန်းနှင့်သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များ အပေါ်တွင် ကောက်သည့်အခွန်၊

(ခခ) ထင်း၊မီးသွေး၊ ကြိမ်၊ ငါး၊ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများအပါအဝင် ကျန်သစ်တောထွက်ပစ္စည်းများအပေါ် ကောက်ခံသည့် အခွန်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

(၁၃) မှတ်ပုံတင်ကြေး၊
(၁၄) ပွဲခွန်၊
(၁၅) ဆားခွန်၊
(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊
(၁၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင် သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊
(၁၈) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့် ပစ္စည်းများ၊
(၁၉) ရတနာသိုက် (Treasure Trove)၊
(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။
(တ) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။
(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန်သတ်မှတ်ထားသည့် ရငွေများနှင့် အခွန်အခအမျိုးအစားများကို ပြည်ထောင်စုနယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုက ဥပဒေနှင့်အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။
(ဒ) ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်တို့ဖြစ်ပါကြောင်း”

ကို ရှင်းလင်းပြောကြားသွားပါကြောင်း။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီခုနစ်ပါတီအနက် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က “ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အခြေခံရမည့်မူအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌတင်ပြချက်(က)မှ (ဒ)အထိအချက်များအား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း”ကို ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က “မိမိတို့ မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့အနေဖြင့် ဆက်လက်တင်ပြလိုသည်မှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာအပါအဝင် ကျန်ရှင်းလင်းတင်ပြသည့်ကိစ္စရပ်များသည် ပြီးပြည့်စုံမှုရှိသည့်အတွက် မိမိတို့အဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်း၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူဖြစ်ပါကြောင်း၊ ယင်းမူနှင့်ပတ်သက်ပြီး အချက်အလက်များ (က)မှ(ဒ)အထိဖော်ပြထားပြီး ထိုအချက်အလက်များသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ဘက်စုံဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ယန္တရားတစ်ခုလုံးကိုပါ ချောမောသွက်လက်စွာလည်ပတ်ပေးမှာဖြစ်သည့်အပြင် ပြည်သူတို့၏လူနေမှုအဆင့်အတန်းများကိုလည်း တိုးတက်မြင့်မားလာစေနိုင်မည်ဖြစ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က “ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြားအခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဒီအခန်းကဏ္ဍနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်တွင်ပါရှိသည့်အချက်အလက်များ(က)မှ (ဒ)အထိ ဖော်ပြထားပြီး ယင်းအချက်အလက်များသည် ပြည်ထောင်စုနိုင်ငံတော်သစ်အတွက် နိုင်ငံတော်၏ယန္တရားတစ်ခုလုံးကို ချောမောသွက်လက်စွာလည်ပတ်နိုင်စေပြီး ပြည်သူတို့၏လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမည်ဖြစ်၍ အသေးစိတ် အခြေခံရမည့်မူများအဖြစ် သတ်မှတ်သင့်ပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက “ယခုအမျိုးသားညီလာခံကြီးမှ ချမှတ်ပြီးသည့် အခြေခံမူများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများပါရှိမှာဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရတို့ကို ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများခွဲဝေရာတွင် တိုးတက်ပြောင်းလဲလာသည့်ခေတ်နှင့်လျော်ညီပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်လည်း ကိုက်ညီသည့်နည်းလမ်းများအရ ချမှတ်ကျင့်သုံးသွားမှသာ နိုင်ငံတော်တစ်ဝန်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ရှင်းလင်းချက်မှာပါရှိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်ကိုက်ညီသည့် နည်းလမ်းများအရဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြားအခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားသည့်အတွက် ဖြည့်စွက်ဆွေးနွေးတင်ပြရန်မရှိပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက “ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ(က)မှ(ဒ)အထိ ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အပိုဒ်(ဈ)အပိုဒ်ခွဲ(၁)(၂)(၃)နှင့်(၄)တို့တွင် ဖော်ပြထားသည့် အသုံးစရိတ်များနှင့် အခြားကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းနှင့်နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို အတည်ပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာသည်ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအကြံပြုပိုင်ခွင့်သာရှိပြီး ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရဟူ၍ ရေးသားဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် အချုပ်အခြာအာဏာပိုင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်၍ ယင်းကဲ့သို့သော အဖွဲ့အစည်းအား အထက်ပါစကားလုံးများကို ထည့်သွင်းသုံးနှုန်းခြင်းမှာ မသင့်လျော်ဟုယူဆကြောင်းနှင့်အလားတူ အပိုဒ်(ဍ)မှာ ဖော်ပြ ထားသည့်အပိုဒ်ခွဲ(၁)(၂)(၃)(၄)(၅)တို့တွင် ဖော်ပြထားသည့်အသုံးစရိတ်များ၊ ဆက်နွယ်သောကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့က ဆွေးနွေးပိုင်ခွင့်ရှိပြီး ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရဆိုသော စကားလုံး အသုံးအနှုန်းမျိုးကိုလည်း ထည့်သွင်းရေးသားရန်မသင့်လျော်ဟု ယူဆ သဘောရရှိကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့သည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင်ဖော်ပြပါ ဘဏ္ဍာရေးဆိုင်ရာ အပိုဒ်(က)မှ (ဒ)အထိကို အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြသည်။

ဆက်လက်ဖော်ပြမည်

ဖေဖော်ဝါရီ ၂၈ရက်ထုတ် သတင်းစာများ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏အကြံပြုတင်ပြချက်များကို ကောက်နုတ်၍သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကိုသဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှဗိုလ်ချုပ်အောင်သိမ်း၏ “ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြားအခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း”နှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြချက် အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄) ကြိမ်မြောက် ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မဟိတစာမေးပွဲကြီးကို ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီး ဦးစီးဦးဆောင်တော်မူလျက် ဖေဖော်ဝါရီ ၂၈ရက်(တနင်္လာနေ့)မှစ၍မတ် ၆ရက် (တနင်္ဂနွေနေ့)အထိ အဆိုပါ စာသင်တိုက်ကြီး၌ကျင်းပပြီးစာအောင် သံဃာတော်အရှင်မြတ်တို့အား မတ် ၉ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁ နာရီတွင်စာအောင် ဆုနှင်းသဘင် အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

သာဓုကာရီဓမ္မာရုံ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံပြုပြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ယင်းဓမ္မာရုံတွင် ညစဉ်တရားပွဲကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၂၈ရက်(တနင်္လာနေ့)တွင် ဓမ္မဒူတ အရှင်ဝိမလ၊ မတ် ၁ ရက်(အင်္ဂါနေ့) တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် မတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်သို့ သွားရောက်လှည့်လည် အပန်းဖြေလေ့လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံတက်ရောက်လျက်ရှိသော ကိုယ်စားလှယ်များ ညီလာခံနားရက် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိ သော အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့ (စနေနေ့) နံနက်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်သို့ သွားရောက်လှည့်လည် အပန်းဖြေလေ့လာကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ကန်တော်ကြီးဥယျာဉ် Relaxation Zone ရှိ ပုလဲကျွန်းသို့ နံနက် ၈ နာရီတွင် ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကန်တော်ကြီးဥယျာဉ်အတွင်း၌ ဇုန်နယ်မြေများသတ်မှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် စီစဉ်တည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လေ့လာကြည့်ရှု

ထို့နောက် ညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီးဥယျာဉ် Relaxation Zone အတွင်းရှိ Elephant Plaza နှင့် အပန်းဖြေသစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှု၊ Education Zone အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး အရောင်းဆိုင်ခန်းများ၊ သစ်ခွပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးပင်များပြကွက်၊ သဘာဝရေချိုငါးဥယျာဉ် (Fresh Water Fish Garden) တို့ကို လှည့်လည်လေ့လာ ကြည့်ရှုကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီးဥယျာဉ် Central Symbol Zone အတွင်းရှိ Water Plaza၊ Central၊ Forest Zone အတွင်းရှိ သဘာဝသစ်တောများထိန်းသိမ်းပြုစု စောင့်ရှောက်ထားရှိမှု၊ သစ်ပင်ပန်းမန်များ စနစ်တကျစိုက်ပျိုးထားရှိမှုနှင့် ပြည်သူများ လာရောက်အနားယူ အပန်းဖြေနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီးဥယျာဉ် Recreation Zone ရှိ ကရဝိက်ဥယျာဉ် ကန်တော်ကြီးသဘာဝ ပန်းဥယျာဉ်သို့ရောက်ရှိကြရာ ကရဝိက်နန်းတော်ခန်းမ၌ ကရဝိက်ဥယျာဉ်ကန်တော်ကြီး သဘာဝ ပန်းဥယျာဉ်မှ ဒါရိုက်တာ ဒေါ်ဖေဖေလတ်က ကန်တော်ကြီး ဥယျာဉ် Recreation Zone ကို ဇေကမ္ဘာကုမ္ပဏီကတာဝန်ယူ၍ အများပြည်သူတို့ အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကရဝိက်ဥယျာဉ်ကန်တော်ကြီးသဘာဝ ပန်းဥယျာဉ်အတွင်း တည်ဆောက်စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှတ်တရ အလံကို အမျိုးသား ညီလာခံကိုယ်စားလှယ်များအား ပေးအပ်သည်။

အပန်းဖြေအနားယူ

ထို့နောက် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် ကန်တော်ကြီးဥယျာဉ် Recreation Zone ကရဝိက်ဥယျာဉ်အတွင်း၌ စီစဉ်ဖွင့်လှစ်ထားရှိသော စားသောက်ဆိုင်ခန်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ဂီတဖျော်ဖြေမှုနှင့် မျက်လှည့်ဖျော်ဖြေမှု၊ ရှားပါးတိရစ္ဆာန်များပြကွက်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဒိုးပတ်၊အိုးစည်နှင့် အကအခုန်များဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ကလေးကကစားကွင်း၊ အပန်းဖြေအနားယူကျွန်း၊ လေတံခွန်လွှတ်ရန်နေရာ၊သစ်ပင်ပန်းမန်နှင့် ရေတံခွန်စမ်းချောင်းများ စီစဉ်ထားရှိမှုနှင့် ကျွန်းကူးသစ်သားတံတားတို့ကို အဖွဲ့ငယ်များခွဲ၍ လှည့်လည်ကြည့်ရှု လေ့လာကြကာ အပန်းဖြေ အနားယူကြသည်။

ယင်းနောက် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် နံနက် ၁၀ နာရီခွဲတွင် ကရဝိက်ဥယျာဉ် ကန်တော်ကြီး သဘာဝပန်းဥယျာဉ်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မုံရွာမြို့ စက်မှုဇုန်ရှိ အကြီးစားသံရည်ကျို စက်ရုံစီမံကိန်းလုပ်ငန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

တာဝန်ရှိသူများကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မုံရွာလေဆိပ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ မြို့တော်ခန်းမသို့ ကြွတင်သွားရောက်ကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းအတွင်း ခရိုင်၊ မြို့နယ်များဖွဲ့စည်းထားမှု၊ လူဦးရေ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ရာသီကုန်တွင် နွေစပါး အပြည့်အဝစိုက်ပျိုးနိုင်ရေး စီစဉ်ထားမှု၊ အဓိကသီးနှံ၁၀မျိုးနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါနှင့်ကြံ စိုက်ပျိုးမှု၊ မိုးစပါးစိုက်ဧက သိန်း၂၀ပြည့်မီရေး စီမံဆောင်ရွက်နေမှု၊ စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းနေမှု၊ စပါးနှင့် ဆီဖူလုံပိုလျှံမှု၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ကြက်သွန်၊ အာလူး၊ မြေပဲ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ဆည်တမံများ တည်ဆောက်ပြီးစီးမှုနှင့် အကျိုးပြုကေများ၊ စက်မှုလက်မှုကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိလာမှုများ၊ နိုင်ငံတော်က တာဝန်ပေးထားသည့် စီမံကိန်းရည် မှန်းချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်အနေဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလတိုစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လျာထားသည်ထက်ကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု တတိယကာလတို ငါးနှစ်စီမံကိန်းတွင်လည်း စီမံကိန်းလျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မည့် အနေအထားကောင်းများ ရရှိနေကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများတွင် စစ်ကိုင်းတိုင်းက ပါဝင်လျက်ရှိသည့် အခြေအနေများ၊ စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ပိုလျှံသည်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပြီး ဝင်ငွေတိုးတက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ တစ်နည်းအားဖြင့် စိုက်ပျိုးထုတ်လုပ်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး စစ်ကိုင်းတိုင်းအနေဖြင့် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေးအတွက် ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပုဂ္ဂလိကများအား ကျွန်းစိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်အောင် နိုင်ငံတော်က ခွင့်ပြုစီစဉ်ပေးလျက်ရှိသည့် အခြေအနေများ၊ ကျွန်းစိုက်ခင်းတည်ထောင်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

လူ့သက်တမ်းပိုရှည်လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍစသည့် စီးပွားရေးကဏ္ဍများ၌ရော လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့၌ပါ တိုးတက်ဖွံ့ဖြိုးမှု အားကောင်းသဖြင့် လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ မြင့်မားလာလျက်ရှိသည့်အပြင် လူ့သက်တမ်းမှာလည်း ပို၍ရှည်လာကြောင်း။

လယ်ယာစီးပွားရေး အခြေခံကောင်းသဖြင့် စစ်ကိုင်းတိုင်း၌ မြို့ပြနှင့် ကျေးလက်များအကြား ကွာဟချက်မှာ ကြီးမားမှုမရှိလှဘဲ မျှတစွာဖွံ့ဖြိုးနေသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။

လမ်းသစ်ထွင်လုပ်ကိုင်

ဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည်မှာ မှန်သော်လည်း စစ်ကိုင်းတိုင်းကဲ့သို့ပင် အခြားပြည်နယ်၊ တိုင်းများကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ကြိုးစားနေကြရာ စစ်ကိုင်းတိုင်းအနေဖြင့် သမားရိုးကျနည်းလမ်းဟောင်းအတိုင်းသာမက ခေတ်သစ်အတွေးအခေါ်၊ ခေတ်သစ်အကြံအစည်များဖြင့် လမ်းသစ်ထွင်၍ ကြိုးစားလုပ်ကိုင်ရန်လိုကြောင်း။

စစ်ကိုင်းတိုင်း၏ အောက်ပိုင်းနှင့် အပေါ်ပိုင်းဒေသတို့၏ ကွဲပြားခြားနားသော ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ စိုက်ပျိုးဖြစ်ထွန်းနိုင်သော အမယ်သစ်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း။

အပြည့်အဝဆောင်ရွက်

ဥပမာ ဟုမ္မလင်း၊ ခန္တီး၊ တမူးဒေသများ၌ ရော်ဘာနှစ်ရှည်ပင် ဖြစ်ထွန်းနိုင်ရာ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုး၍ စီးပွားရေးတိုးတက်အောင် ကြိုးစားကြရန်လိုကြောင်း၊ ထို့ပြင် နယ်စပ်ဒေသနှင့်ဆက်စပ်သောတိုင်းဖြစ်၍ နယ်စပ်ထွက်ပေါက်မှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုလုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း။

စားစရာအမယ်(အမည်)အားလုံးဖူလုံပိုလျှံပြီ

- **ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသကဲ့သို့ တနင်္သာရီတိုင်း၌လည်း ဆီအုန်းကေ ါ်းသိန်း စိုက်ပျိုးပြီး စားအုန်းဆီထုတ်လုပ်နိုင်အောင် ကြိုးစားလျက်ရှိ၊ ထို့ကြောင့် နောင်တွင် ဆီလည်းဖူလုံတော့မှာဖြစ်၍ စားစရာအမယ် (အမည်) အားလုံး ဖူလုံပိုလျှံပြီဟု ဆိုနိုင်မည်ဖြစ်၊**
- **လက်ရှိလူဦးရေအတွက် စားသုံးမှုဖူလုံရုံသာမက နောက်ထပ်တိုးပွားလာနေသည့် နောင်လာနောက်သား နိုင်ငံသားများအတွက် စားနပ်ရိက္ခာ ဖူလုံမှုရှိအောင်လည်း မိမိတို့ ကြိုတင်ပြုစု ဖန်တီးလုပ်ကိုင်ထားကြရန်လို။**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်သည်ထက်တိုးတက်အောင် ကြိုးစားလုပ်ကိုင် သယံဇာတများ အပြည့်အဝတိုးချဲ့အသုံးပြုနိုင်သည်နှင့်အမျှ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်

အထူးသဖြင့် မုံရွာဒေသမှ လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်ထွက်ပေါက်မှရော၊ နယ်စပ်ထွက်ပေါက်များမှပါ ပုံမှန်ကုန်သွယ်မှုလုပ်ငန်းများကို ကျွမ်းကျင်နိုင်နင်းစွာ တိုးချဲ့လုပ်ကိုင်နိုင်အောင် ကြိုးစားကြစေလိုကြောင်း။

မိမိတိုင်းမှ ထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သည့် ပဲအမျိုးမျိုးနှင့် ပြောင်းတို့ကို အရည်အသွေးမီမီ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်နှင့်အမျှ ဈေးကောင်းကောင်းရရှိနိုင်ကြောင်း။

ထို့အပြင် စက်မှုအခြေခံရှိသည့်တိုင်းဖြစ်၍ နိုင်ငံတော်က အလေးထားအားပေးနေမှုများကို အခြေခံပြီး မုံရွာစက်မှုဇုန်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားစေလိုကြောင်း။

ပြည်ပတင်ပို့ရောင်းချ

ယခုအခါ နိုင်ငံတော်က ခွင့်ပြုချထားပေးသော မြေလွတ် မြေရိုင်းများကို စိုက်ပျိုးမြေအသစ်အဖြစ် ဖော်ထုတ်၍ စိုက်ပျိုးသော စပါး၊ ဝါ၊ နှမ်း၊ ကြက်သွန်နှင့် စားဖိုဆောင်သီးနှံတို့ကို ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုလျက်ရှိကြောင်း။

ထို့ပြင် ရော်ဘာနှင့် အစေ့ထုတ်ပြောင်းတို့ကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုလျက်ရှိရာ မိမိဒေသ ရေ၊ မြေအခြေအနေနှင့် ကိုက်ညီသည့် သီးနှံများကို မြေသစ်များ၌ တိုးချဲ့စိုက်ပျိုး၍ ဝင်ငွေတိုးပွားအောင် ကြိုးစားသွားစေလိုကြောင်း။

ပြည်နယ်၊ တိုင်းအားလုံး တစ်ပြေးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ စစ်ကိုင်းတိုင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများအား တွေ့ဆုံမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မုံရွာစက်မှုဇုန် မော်တော်ယာဉ်များ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မုံရွာမြို့ စက်မှုဇုန်အတွင်း ခင်းကျင်းပြသထားသော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးက အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးမှုကို တစ်ပြိုင်တည်း ဖော်ဆောင်နိုင်ရန်လိုအပ်ကြောင်း။

ချမှတ်ဖော်ဆောင်

ယနေ့ အခြေအနေ အချိန်အခါအရ ပြည်နယ်၊ တိုင်းနယ်မြေအနှံ့၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးဖြစ်သည့်အတိုင်း နယ်မြေဒေသအားလုံးသည် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်လာနေပြီဖြစ်ရာ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားဖွံ့ဖြိုးခိုင်မာရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို အခြေချဆောင်ရွက်နိုင်သည်နှင့်အမျှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ချမှတ်ထားသော လမ်းကြောင်းမှန်အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ယနေ့ကျင်းပနေသော အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားညီအစ်ကိုအားလုံး စုံညီသည်သာမက လူတန်းစားအလွှာစုံလင်စွာ တက်ရောက်နေသည့် ညီလာခံကြီးဖြစ်ကြောင်း။

ညီလာခံကြီးအပါအဝင် လုပ်ငန်းအစီအစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

တိုးတက်နေမှုများ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မွန်းလွဲ၂နာရီတွင် မြို့တော်ခန်းမသို့ ရောက်ရှိလာပြီး ဌာနဆိုင်ရာများအား နှုတ်ဆက်မှာကြားရာ၌ လွန်ခဲ့သည့်တစ်နှစ်ခန့်က စစ်ကိုင်းတိုင်း မုံရွာမြို့သို့ မိမိတို့ရောက်ရှိခဲ့ပြီးနောက် ယနေ့ပြန်လည်၍ရောက်ရှိလာရာ၌ မျက်မြင်တွေ့ရှိရသော အခြေအနေများအရ မုံရွာမြို့သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်နေသည်ကို တွေ့ရှိရကြောင်း၊ အစီရင်ခံစာပါ ကိန်းဂဏန်းများအရလည်း ဤဒေသ၏ တိုးတက်နေမှုများကို အဝေးမှပင် မိမိတို့ခန့်မှန်းနိုင်ကြောင်း။

ဤသို့ တိုးတက်နေသည်မှာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း။

ဆက်လက်ကြိုးစား

လာမည့် ၂၀၀၅-၂၀၀၆ခုနှစ်သည် လက်ရှိအကောင်အထည်ဖော်နေသော ကာလတိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်ရာ ယင်းနောက်ဆုံးနှစ်၌ လည်းအရှိန်အဟုန်ကောင်းကောင်းဖြင့် တိုးတက်အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားစေချင်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၏ လူဦးရေသည် ၅၄သန်းကျော်ခန့်ရှိနေပြီဖြစ်ရာ လွန်ခဲ့သောနှစ်ငါးဆယ်ကျော်ခန့်ကထက် လူဦးရေသုံးဆခန့် တိုးတက်များပြားလာကြောင်း။

ပြည်တွင်းအစားအစာ ဖူလုံရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ညီညီညွတ်ညွတ် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ဤသို့တိုးတက်များပြားလာသော လူဦးရေအတွက် အစားအစာ လုံလုံလောက်လောက် ရှိနေသည်သာမက ဖူလုံပိုလျှံနေပြီဖြစ်ကြောင်း။

ဆန်၊ ဂျုံ၊ ကြက်သွန်၊ ပဲ၊ ပြောင်းတို့ကို တစ်နှစ်ထက်တနှစ် တိုးတက်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် စားစရာမဖူမလုံ ဖြစ်မည့်အရေးကို ယခုအခါတွေးတောပူပင်စရာ မလိုတော့ကြောင်း။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသကဲ့သို့ တနင်္သာရီတိုင်း၌လည်း ဆီအုန်းဧကငါးသိန်း စိုက်ပျိုးပြီး စားအုန်းဆီ ထုတ်လုပ်နိုင်အောင် ကြိုးစားလျက်ရှိကြောင်း၊ ထို့ကြောင့် နောင်တွင် ဆီလည်း ဖူလုံတော့မှာဖြစ်၍ စားစရာအမယ်(အမည်)အားလုံး ဖူလုံပိုလျှံပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

လက်ရှိ လူဦးရေအတွက် စားသုံးမှုဖူလုံရုံသာမက နောက်ထပ်တိုးပွားလာနေသည့် နောင်လာနောက်သား နိုင်ငံသားများအတွက် စားနပ်ရိက္ခာဖူလုံမှုရှိအောင်လည်း မိမိတို့ကြိုတင်ပြုစု ဖန်တီးလုပ်ကိုင်ထားကြရန်လိုကြောင်း။

နောင်အနှစ်ငါးဆယ်ခန့်ကြာသည့်အခါ မိမိတို့နိုင်ငံ၏ လူဦးရေသည် ယခုထက် သုံးဆခန့်တိုးတက်ပြီး သန်း၁၅၀ခန့်အထိ ဖြစ်လာနိုင်သည်ကို ကြိုတင်တွက်ဆ၍ ယခုကတည်းကပင် လုပ်ကိုင်ဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်ထားနိုင်ရန်လိုကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

အမွေခံကောင်းလက်ကမ်းပေး

သို့မှသာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် အုမတောင့်ပြီး သီလစောင့်ထိန်းနိုင်သည့် ပတ်ဝန်းကျင်အမွေခံကောင်းကို လက်ကမ်းပေးနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို တိုးတက်သည်ထက်တိုးတက်အောင် ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

စစ်ကိုင်းတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအရေးပါသည့် တိုင်းကြီးခြောက်တိုင်း၌ ပါဝင်နေသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ မြေသယံဇာတ၊ ရေသယံဇာတပေါများသည့် နယ်မြေဖြစ်၍ ယင်းသယံဇာတများကို အပြည့်အဝတိုးချဲ့ အသုံးပြုနိုင်သည်နှင့်အမျှ စစ်ကိုင်းတိုင်းသည် ယခုထက် ပိုမိုတိုးတက် ဖွံ့ဖြိုးသွားမှာဖြစ်ကြောင်း။

ဖိဖိစီးစီးကြိုးစား

ထို့ကြောင့် စစ်ကိုင်းတိုင်းအနေဖြင့် မိမိတိုင်းအတွင်း စားသုံးမှုဖူလုံရေးအတွက်သာမက စပါးတင်းသိန်း ၈၀၀အထိ ပိုလျှံထွက်ရှိရေးကို ဖိဖိစီးစီး ကြိုးစားသွားရန်လိုကြောင်း။

သဘာဝကပေးအပ်ထားသော ရေ၊ မြေအခြေအနေ၊ နိုင်ငံတော်က ဖန်တီးပေးထားသော ဆည်တမံလုပ်ငန်းနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ပံ့ပိုးအထောက်အကူပြုမှု အခြေအနေတို့အရ စစ်ကိုင်းတိုင်းသည် ရည်မှန်းချက်ပေးထားသည့်အတိုင်း အထက်မြန်မာနိုင်ငံ၏စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရမှာဖြစ်ကြောင်း၊ အမှန်တကယ် ကြိုးစားလုပ်ကိုင်မည်ဆိုလျှင် ယင်းရည်မှန်းချက်များ ပြည့်မီရမှာဖြစ်ကြောင်း။

ရည်မှန်းချက်များပြည့်မီရေးအတွက် တစ်ဌာနနှင့်တစ်ဌာန ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရန်၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိရန် လိုအပ်ကြောင်း။

ပိုမိုတိုးတက်လာမည်

ဌာနဆိုင်ရာဝန်ထမ်းများက လုပ်ငန်းတာဝန်များကို ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်သည်နှင့်အမျှ ပြည်သူများ၏ ယုံကြည်အားကိုးမှု တိုးတက်ရလာပြီး အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာမှာဖြစ်ကြောင်း၊ လုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် ဒေသအတွက်၊ ပြည်သူအတွက်၊ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာ၌ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ ကြိုးကြိုးစားစားဖြင့် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ဆောင်ရွက်ချက်များသည် ပြည်သူများ၏ ဘဝ တိုးတက်ပြည့်စုံရေးအတွက်ပင်ဖြစ်ကြောင်း မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဌာနဆိုင်ရာများနှင့်တွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်သို့ ရောက်ရှိကြရာ မုံရွာစက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းစီစဉ်ပြသထားမှုများအနက် ကလေးစက်မှုဇုန်ထုတ် အရေးပေါ်လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ချင်းတွင်းစတား ကားထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်ထားသည့် CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်ကိုလည်းကောင်း၊ စစ်ကိုင်း၊ ရွှေဘိုမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများက ထုတ်လုပ်ထားသည့် ဂျစ်ကားများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဘက်ထရီစွမ်းအင်သုံး ကောက်ရိတ်စက်၊ လက်ကိုင်စပါးရိတ်ကိရိယာ၊ လေးဘီးထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်နှင့် နှစ်လက်မ၊ လေးလက်မ၊ ခြောက်လက်မ ရေပန့်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ထုတ်ကုန်ပစ္စည်းအမျိုးအစားအလိုက် အသုံးပြုနိုင်မှုနှင့် စက်ပစ္စည်းများ၏ အရည်အသွေးများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ သစ်အချောထည်များနှင့် ကုန်တင်ယာဉ်ကြီးများ တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန် အကြီးစားသံရည်ကျိုစက်ရုံနှင့် စက်ပစ္စည်းထုတ်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စက်ရုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို ပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိ၊ သံခုတ်စားအလုပ်ရုံများ ထူထောင်အားပေးလျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစက်ကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုရေးအတွက် ကျွမ်းကျင်ပညာရှင်များ စုဆောင်းလေ့ကျင့်သွားရန်၊ စက်မှုဇုန်အချင်းချင်း အပြန်အလှန်သွားရောက်လေ့လာပြီး တိုးတက်သည်ထက် တိုးတက်အောင် ယှဉ်ပြိုင်ကြိုးစားကြရန် မှာကြားသည်။

ဗုဒ္ဓအဆုံးအမ တရားတော်များဟောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာနနာယက(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၄ရက်ညတွင် ဇလွန်မြို့ပြည်တော်ပြန်ဘုရား၊ ၅ရက်ညတွင် စမ်းချောင်းမြို့နယ် ရန်ကင်း၊ ရန်ရှင်းလမ်း၊ ၆၊ ၇၊ ၈ရက်ညများတွင် ကြို့ပင်ကောက်မြို့နယ် ကြခတ်တန်းအုပ်စု လေးအိမ်တန်းကျေးရွာ၊ ၉၊ ၁၀၊ ၁၁ရက်ညများတွင် ညောင်တုန်းမြို့ ဖြေပ်ကွက် မန္တလေးကျောင်းတိုက်၊ ၁၂ရက် ညတွင် ကွမ်းခြံကုန်းမြို့နယ် တောင်ကုန်းကျေးရွာ၊ ၁၃၊ ၁၄၊ ၁၅ ရက်ညများတွင် မော်ကျွန်းမြို့နယ် ကျုံလမုစခန်း ချောင်းရွာ၊ ၁၆၊ ၁၇ ရက်ညများတွင် မော်ကျွန်းမြို့နယ် နွားရေကျော်ကျေးရွာအုပ်စု ရေကျော်တိမ်ကျေးရွာ၊ ၁၉ရက်ညတွင် ကျောက်တန်းမြို့ ရေလယ်ဘုရား၊ ၂၀၊ ၂၁၊ ၂၂ ရက်ညများတွင် ကျုံပျော်မြို့ နယ် ခနော်ကျေးရွာအုပ်စု လိမ်ကုန်းကျေးရွာတို့တွင် ဗုဒ္ဓအဆုံးအမ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

နွေရာသီအခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း(တောင်ဥက္ကလာပ)က ဦးစီးကျင်းပသော နွေရာသီ ကျောင်းသား ကျောင်းသူများအတွက် အခြေခံဗုဒ္ဓဝင် မင်္ဂလာတရားတော် သင်တန်းများကို အောင်နန်းတော်ကျောင်း အမှတ်(၃)ဝိုင်း ပါရမီကျောင်းတိုက် ပါရမီလမ်း တောင်ဥက္ကလာပတွင် မတ်၇ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးမည်ဟု သိရသည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပရာ စတုတ္ထတန်း(က)မှ ဒုတိယဆုရ မောင်မျိုးဗလသန်းဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းတွင်ပါဝင်သည့် အဆောက်အအုံများအနက် Machine Shop အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်းများရောက်ရှိနေမှု၊ စက်အချို့ စမ်းသပ်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Wore House နှင့် Forging & Heat Treatment အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုများ၊ အလုပ်ရုံအလိုက် စက်ပစ္စည်းရောက်ရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ထို့နောက် Foundry Shop အဆောက်အအုံ တည်ဆောက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်မှ ထွက်ခွာ၍ မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ဖောက်လုပ်ထားသည့် ပြည်ထောင်စုလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာအမ်၊မိုရှက်ခန်း၏ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၄ရက်မှ ၂၆ရက်အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအေ၊ဘီ၊မန်ဂျူးရာဟင်မ် တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအမ်၊ မိုရှက်ခန်းနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းနေ့ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအမ်၊ မိုရှက်ခန်းက ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဂါရဝပြုတွေ့ဆုံ

ဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာအား ဖေဖော်ဝါရီ ၂၄ရက်တွင် ဂါရဝပြုတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ဝန်ကြီးနှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘာရစ္စတာနာဇ်မူဟူဒါ လိုက်ပါလျက် ကောက်စ်ဘဇားနှင့် နှစ်နိုင်ငံလမ်းဖောက်လုပ်ရေးစီမံကိန်းနေရာသို့ ဖေဖော်ဝါရီ ၂၅ရက်တွင် သွားရောက်လေ့လာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ယုတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၅ရက်က လှိုင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ အင်္ဂလိပ်စာထူးချွန်ဆုရ မစိမ်းလဲ့ထူးအား မြို့နယ်ပညာရေးမှူးဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် ဆောက်လုပ်နေသော ခရေပင်သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် ဖေဖော်ဝါရီ ၁၉ ရက်က ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံ မင်္ဂလာဦးအလှူအဖြစ် မောင်ကျော်မင်းလတ် (Kitchen Mart -2)နှင့် မခင်ခင်မာ(အာရှနေဘဏ်)တို့က လှူဖွယ်ပစ္စည်းများနှင့် ငွေကျပ်ငါးသောင်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့သည် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို **'ခေတ်မီဘက်စုံတည်ဆောက်ရေး'** နှင့် **'ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု'** ခေါင်းစဉ်များဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား စိစစ်အကဲဖြတ်ခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ဓာတ်ပုံပညာရှင် များဖြစ်ကြသော ဦးစိုးမိုး၊ ဦးထွန်းရွှေ၊ ဦးဖေခင်၊ ဦးလှကြွယ်၊ ဦးဖေမြင့်ဦး၊ ဦးလှအေးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းမင်းတို့ တက်ရောက်၍ အကဲဖြတ်စိစစ်ရွေးချယ်ကြသည်။ **(အပေါ်ပုံ)**

အကဲဖြတ်စိစစ်ရေးအဖွဲ့၏ အမှတ်ပေးစိစစ်ချက်အရ **'ခေတ်မီဘက်စုံ တည်ဆောက်ရေး'** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ညိုဝင်းအောင်(တောင်ကြီး)၊ ဒုတိယဆု ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)၊ တတိယဆု ကိုသိန်းဝင်းတို့က ရရှိကြသည်။ အထူးဆုများကို နေခြည်နေဝင်း(မကွေး)၊ ဦးသန်းအောင်(ပြန်/ဆက်)၊ ကိုသိန်းဝင်း၊ ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း)၊ ကိုအောင်ဆန်းဝင်း(ရွှေအင်းသား)၊ ဝင်းမင်းထိုက် (Forever Group)၊ စောလှိုင်ဝင်း (YCDC)၊ ဦးအောင်တင်(ပြန်/ဆက်)၊ မောင်မောင်စိုး(သစ်တော)၊ အောင်ဌေးလှိုင်(Crown)၊ ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းအောင် (ပြန်/ဆက်)၊ ဦးစိုးရင်မောင်(စက်မှု-၁)တို့က ရရှိကြသည်။ ယခင်ဆုရပြီးသူများပြိုင်ပွဲတွင် ပထမဆု ရွှေအင်းသား ခင်မောင်ဝင်း၊ ဒုတိယဆု ညောင်ဦးဖိုးချို၊ တတိယဆု အေကေမိုး(သတ္တဗေဒ)တို့က ရရှိကြသည်။ အထူးဆုများကို အေကေမိုး (သတ္တဗေဒ)၊ ရွှေအင်းသားခင်မောင်ဝင်း၊ စိုင်းခမ်းလင်း(Hawk Eyes)၊ ရွှေအင်းသားခင်မောင်ဝင်း၊ စိုင်းခမ်းလင်း(Hawk Eyes)၊ ကိုစိန်ဌေး၊ ညောင်ဦးဖိုးချိုတို့က ရရှိကြသည်။

'ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု အောင်မျိုး(Maximum Force)၊ ဒုတိယဆု ကျော်သာ(ဟိုက်ချင်း)၊ တတိယဆု အေကေမိုး(သတ္တဗေဒ)တို့က ရရှိကြသည်။ အထူးဆုများကို စိုင်းခမ်းလင်း(Hawk Eyes)၊ အေကေမိုး (သတ္တဗေဒ)၊ စောသိန်းဝင်း(မြို့တော်သတင်း)၊ ဦးသန်းဝေ(တောင်ကြီး)၊ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ ပြည်စိုးထွန်း(ပန်းချီ-ကော့သောင်း)၊ စစ်ကိုင်းအောင်ကျော်တင် (တင်မောင်-ဓာတ်ပုံ)၊ မောင်ခင်မောင်လတ်၊ ရွှေဘိုကိုရန်အောင်၊ ကိုစိန်ဌေး၊ စစ်ကိုင်းကျော်ဆန်းဝင်း (တင်မောင်-ဓာတ်ပုံ)တို့က ရရှိကြသည်။ ယခင်ဆုရပြီးသူများပြိုင်ပွဲတွင် ပထမဆု ညိုဝင်းအောင် (တောင်ကြီး)၊ ဒုတိယဆု ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ တတိယဆု ညောင်ဦးဖိုးချိုတို့က ရရှိကြသည်။ အထူးဆုများကို ဦးလှမောင် (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ လှိုင်သန်းတင့် (ရွှေပန်းချီ၊ ရမည်းသင်း)၊ ဦးလှမောင် (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)တို့က ရရှိကြသည်။

ထူးခြားစွာပေးအပ်ချီးမြှင့်

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီသည် ပြိုင်ပွဲအမျိုးအစား လေးမျိုးလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုစီဖြင့် ဆုပေါင်း ၁၂ဆု၊ အထူးဆုများအဖြစ် ပြိုင်ပွဲအားလုံးအတွက် ဆုပေါင်း ၃၅ဆု စုစုပေါင်း ဆုအရေ အတွက် ၄၇ဆုကို ယခုနှစ်တွင် ထူးခြားစွာပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ဆုရရှိကြသော ဓာတ်ပုံပညာရှင်များသည် ဆုရဓာတ်ပုံ၏ မူရင်းနဂတစ်ဖလင်ကို ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ၂-၃-၂၀၀၅ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ပေးပို့ကြရမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ရန်ကုန်မြို့တွင်ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင်ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရိပ်သာ တရားစခန်းနှင့် ဒုလ္လဘပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

သာကေတမြို့ (၁၀/တောင်)ရပ်ကွက် ၁၀ရတောင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ အရှင်ကေသရာဘိဝံသ ဆရာတော်က သင်္ကြန်အကြို မတ် ၂၄ရက် မှ ၃၀ ရက်အထိတစ်ကြိမ်၊ ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ကြိမ် စုပေါင်းရဟန်းခံ ရှင်ပြု သာသနာ့နွယ်ဝင်သီလရှင်ဝတ်ပွဲနှင့် မိဘဘိုးဘွားများအားအမှူးထား၍ ဦးကျော်ကျော်မန်း-ဒေါ်ခင်မြတ်မွန်မိသားစု၏ လှူဒါန်းပြီး အာစိသံကွန်ကရစ်လမ်းအလှူပတ္တိဒါနပတ္တာနုမောဒနာပွဲကို ပြုလုပ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဖုန်း- ၅၄၇၀၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏောဓမ္မဗိမာန်တွင် ကျင်းပရာ သီဟသုဓမ္မမဏိဇောတရေဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော အသင်းဝင် ဦးသန်းလွင်အား အသင်းဥက္ကဋ္ဌဦးကျင်တီက ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၂၁ရှိ အဆိုပါ ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

အခမ်းအနားတွင် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(အငြိမ်းစား)က အမှာစကားပြောကြားပြီး အုပ်ချုပ်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုချက်ရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၂၆ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ငမိုးရိပ်ရေထိန်းတံခါး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း-၅) (သတင်းစဉ်)

ရွှေဟင်္သာတောရ ဝိနည်းစာပြန်ပွဲ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီးတွင် (၆၂)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ၌ ညစဉ်ညတိုင်း တရားပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်ရာ တပေါင်းလဆန်း ၈ရက်(မတ်၁၇ရက်)တွင် ရေစကြိုတိပိဋကရေ ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ၊ တပေါင်းလဆန်း၉ရက်(မတ် ၁၈ရက်)တွင် ရွှေမြိုင်ဆရာတော် အရှင်ဩဘာသာဘိဝံသ၊ တပေါင်းလဆန်း၁၀ရက် (မတ်၁၉ရက်)တွင် ပါဋိကာရီဆရာတော်အရှင်အင်္ဂီသ၊ တပေါင်းလဆန်း၁၁ရက်(မတ်၂၀ရက်)တွင် ယောတိပိဋကရေ ဆရာတော် အရှင်သီရိန္ဒာဘိဝံသ၊တပေါင်းလဆန်း၁၂ရက်(မတ်၂၁ရက်)တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ တပေါင်းလဆန်း ၁၃ရက် (မတ် ၂၂ရက်)တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ တပေါင်းလဆန်း ၁၄ရက် (မတ်၂၃ရက်)တွင် စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီး၏တပည့်ရင်း ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)တို့က ညစဉ် ၇နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက် နှစ်သက်ရာအားကစားနည်းဖြင့် ပျော်ရွှင်စွာအပန်းဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(စနေနေ့)တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ခြင်းတို့ဖြင့် မိမိတို့နှစ်သက်ရာ အားကစားနည်းများအလိုက် နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ပျော်ရွှင်စွာလှုပ်ရှားဆောင်ရွက်ကြသည်။

ဝယ်ယူအားပေး

ထို့အပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်၊ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း(GEC)အရောင်းဆိုင်၊ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းအရောင်းဆိုင်၊ ရုပ်အကျီအရောင်းဆိုင်များ၊ မြန်မာမျက်မှန်အရောင်းဆိုင်တို့မှလည်း လိုအပ်သောအသုံးအဆောင်ပစ္စည်းများကို ဝယ်ယူအားပေးကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်များနှင့်စားသောက်ဆိုင်များ၌ ဝိုင်းဖွဲ့စားသောက်ရင်း စကားစမြည်ပြောဆိုကာ အပန်းဖြေအနားယူကြသည်။

အပန်းဖြေ

ထို့အပြင် ညီလာခံကိုယ်စားလှယ်များသည် စာပေဗိမာန်စာအုပ်အငှားဆိုင်မှ သုတရသစာအုပ်များ ငှားရမ်းဖတ်ရှုခြင်း၊ အိပ်ဆောင်များ၌တပ်ဆင်ထားရှိသည့် MRTV, MRTV-3, MRTV-4, MWD, HBO, CNN, Star Sport သတင်းများ၊ အစီအစဉ်များကိုလည်း ကြည့်ရှုခြင်းတို့ဖြင့် အပန်းဖြေကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအတွက် အထူးကုသမားတော်ကြီးများအဖွဲ့က နေ့စဉ်အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံနားရက်ဖြစ်သည့် စနေနေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ဘော်လီဘော ကစားကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား နလုံးလှလူမိုက်ရုပ်ရှင်ကားဖြင့် ဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်လျက်ရှိရာ ယမန်နေ့ ည ၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီနေအောင်၊ အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ ညီနန္ဒ၊ အကယ်ဒမီမေသဉ္ဇာဦး၊ ခိုင်သင်းကြည်နှင့် အကယ်ဒမီမြင့်မြင့်ခင်တို့ပါဝင်သရုပ်ဆောင်ထားကြသည့် နလုံးလှလူမိုက် ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားတော်များဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက် ငွေလရောင်လမ်း ဦးကျော်စိန်–ဒေါ်ခင်အေးတို့၏ ဓမ္မသဘင်မင်္ဂလာမဏ္ဍပ်၌ မတ်၁ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် မတ်၂ရက်တွင် တိပိဋကရေ တိပိဋက ကောဝိဒဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရတို့က ညစဉ်၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၇-၂-၂၀၀၅)ရက်နေ့

၂၀၀၅ခုနှစ်၊ မတ်လအတွက်
(၁၃-၃-၂၀၀၅)ရက်နေ့နှင့်(၂၇-၃-၂၀၀၅)ရက်နေ့

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား

၂၇-၂-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ဇိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းမေတ္တာ”** (အပိုင်း-၁၅)
- ၁၂:၂၀ ၅။ ကျေးပင်အက်ရေလှောင်တမံ
- ၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **“ညစောင့်လမင်း”** လူမင်း၊ ဝိုင်း၊ စိုးမြတ်နန္ဒာ၊ ရတနာခင် (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)
- ၁၄:၁၅ ၇။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၈။ အကပြိုင်ပွဲ
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everday Use
- ၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုများအားလုံး)(ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၅၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ”** (အပိုင်း-၂)
- ၁၉:၂၅ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၉:၃၅ ၁၄။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ကျပန်းစကားပြောပြိုင်ပွဲဆုရရှိသူများနှင့် တွေ့ဆုံမေးမြန်းခန်း(အပိုင်း-၂)
- ၁၉:၄၅ ၁၅။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”** (အပိုင်း-၂၂)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဘိန်းစိမ်းနှင့်ဘိန်းဖြူဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြစ်ကြီးနားမူးယစ်အထူးအဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ရက်တွင် သတင်းအရ ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာ ရပ်ကွက်(၄) အမှတ်(၄/၁၈၈)နေ ဦးစံမြ၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ ဦးစံမြနှင့်အတူ မောင်ဉာဏ်အားတွေ့ရှိရပြီး နေအိမ်မီးဖိုအတွင်း မြေကျင်းတူး၍ မြုပ်နှံထားသော သံသေတ္တာနှစ်လုံးအတွင်းမှ ဘိန်းစိမ်း၂၅ထုပ်၊ နေအိမ်အပေါ်ထပ် မျက်နှာကြက်အတွင်းမှ ဘိန်းစိမ်း ၂၃ထုပ် စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၆၉ကီလိုနှင့် မျက်နှာကြက်အတွင်းမှ ဆပ်ပြာခွက်၁၀၂ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူစုစုပေါင်း အလေးချိန် ၁ဒသမ၄၅ကီလို၊ ပလတ်စတစ်အိတ်အပြာဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀တို့ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာနေ ဦးဆွဲမြင်၏သား အသက် ၄၉နှစ်ရှိ ဦးစံမြနှင့်တစ်ရွာတည်းနေ ဦးမွန်ဘောင်၏ သားအသက် ၃၅နှစ်ရှိ မောင်ဉာဏ်၊ ကွင်းဆက်တရားခံ ပစ္စည်းပိုင်ရှင် ဦးနန်စိမ်ဂမ်၏သမီး အသက်၃၆နှစ်ရှိ မမေရီနှင့် ဦးလဘမ်လ၏သမီး အသက် ၂၉နှစ်ရှိ မထုမိုင်တို့အား ဖားကန့်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ်(၄/၂၀၀၅) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅၊၁၉(က)၊၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီ ၂၆ရက်ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ မိနစ် ၃၀ ၀၇စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် မိုင်၁၀၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၆ အဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ခုစကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

Myanmar PGA၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ASIAN Tour Ltd. တို့က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိက ကူညီ ပံ့ပိုးသော ၂၀၀၅ ခုနှစ် Myanmar Open ဂေါက်သီးရိုက် ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့ တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက် ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Myanmar PGA အထွေထွေ အတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးဆောင်

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် လက်ရှိချန်ပီယံ Thongchai Jaidee(ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ၁၀ချက်လျှော့ရိုက်ပြီး (၆၇+၇၀+၆၉) ပေါင်း ၂၀၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

Ashok Kumar (အိန္ဒိယ)က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး (၇၅+၆၈+၆၅) ပေါင်း ၂၀၈ချက်ဖြင့် ဒုတိယလိုက်ပြီး ချန်ပီယံဟောင်း Boonchu Ruankit (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ပြီး (၆၈+၆၈+၇၃) ပေါင်း ၂၀၉ ချက်ဖြင့် တတိယ လိုက်ကာ Scott Strange (ဩစတြေးလျ)က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး (၆၉+၇၂+၆၉) ပေါင်း အချက်၂၁၀ ဖြင့် စတုတ္ထလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Co-Sponsors များအဖြစ် Myanmar Airways International(MAI) အဖြစ်လည်းကောင်း၊ Sponsors များအဖြစ် Sedona Hotel(Myanmar)၊ Srixon ၊ Myanmar Brewery Ltd.၊ Canon (Accel International Co.,Ltd) နှင့် Max Myanmar Co.,Ltd. တို့က လည်း ထပ်မံ၍ ကူညီပံ့ပိုးပေးကြပြီး ယင်းပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management နှင့် Octagon တို့က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီခွဲတွင် ယင်းဂေါက်ကွင်း၌စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့ပြိုင်ပွဲ အပြီးတွင် သတ်မှတ်ရိုက် ချက် ထက် ခုနစ်ချက် လျှော့ရိုက်ပြီး ပေါင်း ၂၀၉ ချက်ဖြင့် တတိယလိုက်နေသော ချန်ပီယံဟောင်း Boonchu Ruangkit (ထိုင်း)ယှဉ်ပြိုင်စဉ်။

(မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်)

အာစရိယဂုဏပူဇာသဘင် ဆင်ယင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နတ်မော်ရွာ နတ်မော်ကျောင်းသစ်စာသင်တိုက်၏ ပဓာနနာယက လျောင်တောင်ဂိုဏ်းကြီး၏ ဂဏာဓိပတိ ရခိုင်ပြည်နယ် သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဃောသိတမဟာထေရ်မြတ်၏ သက်တော်(၈၀)ပြည့် အထိမ်းအမှတ် တပည့်သံဃာ ဒါယကာ ဒါယိကာမများ၏ ပေါင်းစုပူဇော် အာစရိယဂုဏပူဇာပွဲတော်ကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်(မတ် ၂၂၊ ၂၃၊ ၂၄ ရက်) များတွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပွဲတော်နှင့်အတူ ခဏ္ဍာသိမ်တော်သစ်ကို ရေစက်ချမင်္ဂလာပွဲပြုလုပ်ခြင်း၊ ပင့်သံဃာအပါး၁၀၀ကျော်တို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းတို့ကိုပါ တစ်ပေါင်းတည်း ပြုလုပ်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တဝေပုလ္လ(ဂဏဝါစက) မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၆၇၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧရာဝတီတိုင်းလေးမျက်နှာပရဟိတငွေလှူပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးတို့အတွက် နဝမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့နာယက အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ ပဓာနဦးစီးနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရကဦးဆောင်၍ ဖေဖော်ဝါရီ ၁၂ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျောင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းအလှူငွေကျပ် ၁၀၂၀၀၀၀နှင့် တန်ဖိုးငွေ ၁၂၈၆၀၀၀ရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ အဝတ်အထည်များကို လှူဒါန်းသည်။ ဆက်လက်၍ ပတ္တမြားနဂါးကျောက်စိမ်းကုမ္ပဏီက ငွေကျပ်ဆယ်သိန်းနှင့် ကျန်အလှူရှင်များက ငွေကျပ်၁၇သိန်း ရှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့ဝင်များက လက်ခံယူခဲ့ကြကြောင်းသိရသည်။

(အပေါ်ပုံ) (က-ပ)

ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲများ အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အောင်နိုင်ရေးဒုတိယဥက္ကဋ္ဌ ဧရာမင်းသိန်းဆောက်လုပ်ရေးကုမ္ပဏီ(မန္တလေး) မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်က မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဒေါ်မိမိခင်အား ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံတွင် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရိုးရာလက်ဝှေ့လက်ရည်စစ်ပွဲပြိုင်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ရိုးရာလက်ဝှေ့ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဝိတ်တန်းလေးတန်းမှ အားကစားသမားရှစ်ဦးကို စခန်းသွင်းလေ့ကျင့်ပေးသည်။

အနိုင်ရ

ဖယ်သာဝိတ်တန်းနှင့် ဖလိုင်းဝိတ်တန်းတို့အတွက် လက်ရည်စစ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ဖယ်သာဝိတ်တန်းတွင် ကျော်စိုးလင်း(သုံးခွ)က နိုင်မင်း(ကြို့ပင်ကောက်)ကို လည်းကောင်း၊ ဒေါဂျစ်(ခရမ်း၊ သုံးဂွ)က ဇော်လင်း(ကြို့ပင်ကောက်)ကို လည်းကောင်း အနိုင်ရရှိသည်။

ဖလိုင်းဝိတ်တန်း လက်ရည်စစ်ပြိုင်ပွဲတွင် အောင်မြင့်စိန်(ရှမ်းတဲ)က ဖြိုးရန်နောင်စိုး(သုံးခွ)ကို လည်းကောင်း၊ ကျော်စိုးမိုး(အား/ကာသိပ္ပံ)က မောင်မောင်ထွေး(သုံးခွ)ကိုလည်းကောင်း အနိုင်ရရှိသည်။ နောက်ဆုံးလူရွေးပွဲများကို ဧပြီ ၁၀ ရက်မတိုင်မီ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောင်နိုင်ရေး

လက်ရည်စစ်ပွဲအပြီးတွင် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်နိုင်ရေးဒုတိယဥက္ကဋ္ဌ ဧရာမင်းသိန်းဆောက်လုပ်ရေးကုမ္ပဏီ (မန္တလေး) မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်က မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်မိမိခင်အား အောင်နိုင်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

Singapore Furniture Industry Council (SFIC) ၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံတွင် မတ် ၁ ရက်မှ ၅ ရက်အထိကျင်းပမည့် The International Furniture Fair 2005 နှင့် 22nd ASEAN Furniture Show 2005 ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၆ ရက်က စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်အား မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးဒေါက်တာ ဦးမျိုးသက်နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၂-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သက္ကပညာသုတ်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Thalens Administrative Reforms.. (ဒုတိယနှစ်-သမိုင်းအထူးပြု) Sources of Economic Statistic in Myanmar (ဒုတိယနှစ်-စီးပွားရေး)
၄း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၁၅)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ Middlesbrough Vs Charlton Athelet

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

ရူပဗေဒဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်းမှာ သင်ရိုးသစ်ဖြင့် ရူပဗေဒကို သင်ကြားခွင့်ရသူများ သိလိုကြမည့် သတင်းကတော့ ၂၀၀၅ ခုနှစ်ကို "Year of Physics" သို့မဟုတ် "Einstein Year" ဟုသတ်မှတ်ထားခြင်းဖြစ်တယ်။ တစ်သက်တာ ပညာရေးနှင့် ပညာခေတ်ရဲ့ စိန်ခေါ်မှုကိုပါ ရင်ဆိုင်နိုင်မည့် နိုင်ငံတော်ရဲ့ ပညာရေး အစီအစဉ်တွင် ရူပဗေဒနှင့်နှီးနွှယ်နေတဲ့ ဘာသာရပ်ဖြစ်တဲ့ Information and Communications Technology နှင့် Electronics ဘာသာရပ် လှုပ်ရှားမှုကို ရူပဗေဒဘာသာရပ်အတွက် motivation ရရှိနိုင်ရန် ဖော်ပြလိုတယ်။ World Wide Web ကိုစတင်ပြုစုသူတစ်ဦးမှာ ရူပဗေဒ ပညာရှင်ဖြစ်တယ်။ အမည်ကို Internet မှာရှာကြည့်ပါ။ Radar စတင် တီထွင်သူမှာ ရူပဗေဒပညာရှင်ဖြစ်တယ်။ တက္ကသိုလ်ဝင်တန်း အောင်ပြီးသည့်အခါ ရူပဗေဒဘာသာရပ်ကို Ph.D ဘွဲ့ရသည်အထိ သင်ယူမှ တိုင်းပြည်အတွက် ပို၍အသုံးပြုနိုင်မည့် ပညာရှင်များဖြစ်လာနိုင်မှာဖြစ်တယ်။ တိုင်းပြည်ရဲ့ တိုးတက်မှုဟာ Ph.D ဘွဲ့ရ အရေအတွက်ပေါ်မှာ တည်မှီနိုင်ပါသည်။

တကယ်တော့ ရူပဗေဒဘာသာရပ်ဟာ သိပ္ပံဘာသာရပ်များရဲ့ အခြေခံလည်း ဖြစ်ပါတယ်။ စက်မှုလုပ်ငန်း အင်ဂျင်နီယာသိပ္ပံဘာသာရပ်များ အတွက်လည်း ရူပဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ (Technological Subjects) ဘာသာရပ်များသည် အခြေခံအကျဆုံးအပိုင်းမှ ပါဝင်ပါသည်။ အဓိကမှာ ပုံနှိပ်စာအုပ်ကို ကျေညက်အောင် လေ့လာဖို့လိုပါတယ်။


Fig. Edison's experiment

ဒီလိုပုံတွေကို ပေးထားပြီး "လိုတာတွေ" ကို ဖြည့်ပေးရင်းနဲ့ ရူပဗေဒ ဘာသာရပ်ကို နားလည်စေနိုင်ပါတယ်။ အလွတ်ကျက်မှ စာနားလည်နိုင်တာမျိုး မဟုတ်ပါဖူး။

မမှားသင့်တဲ့အမှားတွေကို ကြိုတင်မြင်နိုင်အောင် လေ့ကျင့်ခန်းများကို လေ့လာဖို့လိုတယ်။ ဒီလိုလေ့လာပြီး ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချစေနိုင်ပါတယ်။ confidence building ဆိုတာ လုပ်အပ်တဲ့ အမှုကိစ္စဖြစ်ပါတယ်။ "Nothing succeeds like success" ဆိုသည့်အတိုင်း မည်မျှလွယ်ကူသေးငယ်သည့် လုပ်ငန်းပင်ဖြစ်စေ လုပ်ငန်းတစ်ခုကိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဟာ ခက်ခဲတဲ့ လုပ်ငန်းအတွက် အောင်မြင်နိုင်ရန် လမ်းစပါပဲ။ Ph.D လို သုတေသနလုပ်ငန်း အောင်မြင်နိုင်ရန်အတွက် အတော်အတန်လွယ်ကူတဲ့ warm-up project လုပ်ရတတ်ပါတယ်။ ရူပဗေဒပညာရှင် Weisskopf က "Confidence is an important ingredient that makes for a successful physicist" လို့ပြောခဲ့လို့ "Without honesty & confidence there cannot be Science as we know it today" ဟာမှန်တယ်။

သိပ္ပံလောကဟာ ဆန်းကြယ်တယ်။ သိပ္ပံပညာရှင်များထဲက ထင်ရှားသူများဟာ အဘက်ဘက်မှာ အထူးသဖြင့် သိက္ခာ၊ သီလ၊ ပညာပိုင်းမှာ စံတင်ထားရလောက်အောင် ပြည့်စုံတတ်ကြပါတယ်။ သိပ္ပံပညာရဲ့ အထူးခြားဆုံးကတော့ (Honesty) လို့ခေါ်တဲ့ ရိုးဖြောင့်ဖြူစင်မှု သဘာဝလို့ဆိုရမှာ ဖြစ်တယ်။ အမှန်တရားဟာ သိပ္ပံပညာရဲ့ ဦးတည်ချက်ပန်းတိုင်ပါပဲ။

ဘာသာရပ်ရဲ့စိတ်ဝင်စားဖွယ်ရာကို တပည့်တို့ကို မိတ်ဆက်ပေးလိုက်ပါမယ်။ ရူပဗေဒဟာ အခြေခံအကျဆုံး သိပ္ပံဘာသာရပ် ဖြစ်တယ်လို့ တပည့်တို့ သိပြီးဖြစ်တဲ့ ရူပဗေဒပညာရှင်ကြီး Sir Isaac Newton ကယူဆခဲ့တယ်။ (Sir Isaac Newton ရဲ့ အကြောင်းကို တပည့်တို့ နဝမတန်းမှာ လေ့လာခဲ့ရတာ မှတ်မိနေဦးမှာပါ)။ သူရေးသားခဲ့တဲ့ ဂန္ထဝင်ရူပဗေဒကျမ်းမဟာကြီးများကတော့ Philosophaie Naturalis Principia Mathematica (Mathematical Principles of Natural Philosophy or Physics) နဲ့ Optics (အလင်းပညာ) တို့ဖြစ်တယ်။ Natural Philosophy ဆိုတာ ရူပဗေဒ ပေါ်ဦးစက အမည်ပါ။ Scotland နဲ့ England အချို့နယ်တွေမှာ Physics ကို Natural Philosophy လို့ တွင်တွင်ကျယ်ကျယ် ဆက်လက် သုံးစွဲနေပါသေးတယ်။ အလင်းနဲ့မက္ကင်းနစ် ပညာရဲ့ ဖခင်ကြီးဖြစ်တဲ့ ရူပဗေဒပညာရှင် Sir Isaac Newton ကိုယ်တိုင်က ရူပဗေဒဟာသိပ္ပံဘာသာရဲ့ အခြေခံအကျဆုံးလို့ သေသေချာချာ ပြောခဲ့တာပါ။ အခြားတစ်ယောက်ကတော့ သူ့ကိုမှမသိရင် သိပ္ပံလောကမှာ ခေတ်မမီမှာစိုးရတဲ့ ကမ္ဘာကျော် ရူပဗေဒပညာရှင် Dr. Albert Einstein ပါပဲ။ သူ့ကိုဂုဏ်ပြုပြီး ၂၀၀၅ခုနှစ်ကို "Einstein Year"လို့ ခေါ်ထားခြင်းပါပဲ။

ရူပဗေဒနှင့်တိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်ကြပါစေ။ အောင်မြင်မှုများနှင့်သာ ပြည့်စုံကြပါစေ။

The electromotive force emf

- The two definitions for emf
- The emf of a source not connected to an external circuit
- The emf of a source connected to an external circuit

The emf of the source connected to an external circuit is the work done in moving a unit positive charge round the complete circuit. The potential difference across the resistor R is IR where I is the current in the circuit. The work done in moving a unit positive charge from the negative terminal to the positive terminal of a battery of resistance , r is Ir. Thus the emf of the battery connected in the circuit is

$$E = I\,(R+r)$$

and the circuit equation is $I = E/(R+r)$

The source of current is the electromotive force or emf [EMF].Batteries and generators are sources of electromotive force.

The emf of a source not connected to an external circuit circuit is the work done in moving a unit positive charge from the negative to the positive terminal. The circuit equation will be explained in what follows

I= E/(r+R)



Worked out example batteries in series opposing and aiding

$E_1 = E_2 = 6$ V, $r_1 = r_2 = 2\ \Omega$, R = 1 Ω,

series opposing

$E = E_1 - E_2 = 6 - 6 = 0$ V

$r = r_1 + r_2 = 2 + 2 = 4\ \Omega$

$I = E/(R + r) = 0/(1+4) = 0$ A



Fig. Batteries in series opposing.

series aiding

$E = E_1 + E_2 = 6 + 6 = 12$ V

$r = r_1 + r_2 = 2 + 2 = 4\ \Omega$

$I = E/(R + r) = 12/(1+4)= 2.4$ A



Batteries in series aiding.

Ammeters and Voltmeters

Conversion of a galvanometer to an ammeter with the aid of a shunt Suppose a moving coil galvanometer has 20 ohm resistance and which deflected full scale with a current of 0. 010 A through it. We widh to convert it to an Ammeter which will show full deflection by a current of 10 A. For full scale deflection the current through it is 0.010 A and that thru the shunt is 9.99 A.



Since the currents are proportional to resistences

$0.01/ r_s = 9.99/20$ or $r_s = 0.020$ ohm

The total resistance is

$1/R = 1/r_s + 1/r_{co} = 1/20 + 1/0.02 = 1/0.02$ R = 0.02 ohm

Conversion of a galvanometer to a voltmeter with the aid of a series resistor.



It is required to deflect full scale with 100 volts across the terminals. The current in the moving coil is 0.01 A

$0.01 = 100$ volts$/(r_s + r_{co}) = 100$ volts$/(r_s + 20$ ohms) giving $r_s = 9980$ ohms and the total resistance as $(r_s + r_{co}) = 1000$ ohms

- Heat conduction is one mode of energy transfer.
- The individual parts of a medium do not move as a whole in heat conduction.
- The rate of heat conduction is

$$\mathbf{H} = \kappa \mathbf{A}\frac{\mathbf{T_2 - T_1}}{\ell}$$

where, H = rate of heat flow (or) heat current (watt)

Rate of Heat Flow



$$\mathbf{H} = \kappa \mathbf{A}\frac{\mathbf{T_2 - T_1}}{\ell};$$

$$\mathbf{H} = \frac{\Delta \mathbf{Q}}{\Delta \mathbf{t}} = \frac{\mathbf{joule}}{\mathbf{second}}$$

$$H = \frac{\Delta Q}{\Delta t} = \frac{\text{joule}}{\text{second}}$$

κ = thermal conductivity constant ($Wm^{-1}K^{-1}$); A = cross-sectional area of the connecting rod (media); ℓ = length of the connecting rod (media); $T_2 - T_1$ = temperature difference.

Heat Convection

- Heat convection is one mode of energy transfer in which heat is carried by the motion of the fluid itself.
- The rate of heat convection is,

$$H = q\,A\,(T_2 - T_1)$$

where,

H = rate of heat convection (W),
q = heat convection constant ($W\ m^{-2}K^{-1}$)
A = surface area (m^2),
$T_2 - T_1$ = temperature difference (K)

Stephan-Boltzmann's Law

- The total emissive power of a black body is directly proportional to the fourth power of absolute temperature.

$$\varepsilon_0 = \sigma\ T^4$$

where,

ε_0 = total emissive power of a black body,
T = absolute temperature of the body
σ = Stephan-Boltzmann's constant ($5.685 \times 10^{-8}\ Wm^{-2}K^{-4}$)

- **The Total Emissive Power of Objects Other Than a Black Body**

$$e = \varepsilon\varepsilon_0 = \varepsilon\ \sigma\ T^4$$

where

e = emissive power of the object,
ε = emissivity (<1)
ε_0 = total emissive power of a black body

- The ratio of the temperature difference to the length is called temperature gradient.

$$\text{temp grad} = \frac{T_2 - T_1}{\ell}$$

The total emissive power is defined as the total radiant energy of different wavelengths emitted from unit area of a surface of a body in one second.

$$\varepsilon_0 = \sigma\ T^4$$

A machine with a velocity ratio of 8 requires 1000 J of work to raise a load of 500 N through a vertical distance of 1 m. Find the efficiency and mechanical advantage of the machine.

VR = 8, input work = 1000 J, load = 500 N, s = 1 m, efficiency = ?, MA = ?

output work = F x s = 500 x 1 = 500 J

$$\text{efficiency} = \frac{\text{output work}}{\text{input work}} \times 100\,\%$$

$$\frac{500}{1000} \times 100\,\% = 50\%$$

$$\frac{MA}{VR} \times 100\,\% = 50\%;\ \text{velo ratio} = 8$$

hence MA = 4

The ratio of the density of the floating body to that of the fluid is equal to the ratio of the immersed volume to the hole volume of the body.

$$\frac{\rho}{\rho_0} = \frac{V_s}{V}$$

where ρ = density of the immersed body
ρ_0 = density of the liquid
Vs = the immersed portion of the body,
V = the whole volume of the body

The upward thrust acting on a body which is immersed in a liquid is equal to the weight of the liquid displaced by the body. The upward thrust acting upon a body of thickness H is

$F = A\,\rho\,g\,H = \rho\,g\,V, (V = A\,H)$

where F = upward thrust, A = surface area of the body, ρ = density of the liquid in which the body is immersed;H = thickness of the body upward thrust = the weight of liquid displaced



Draw a triode tube and a circuit for a triode to illustrate amplification. Explain amplification action of the triode


Fig. Triode

စာမျက်နှာ ၁၆ ကော်လံ ၁

မှူခင်းရှုထောင့်ရုံးခွဲနှင့် တာဝန်ပေးအပ်ပွဲကျင်းပ

ပျဉ်းမနား ဖေဖော်ဝါရီ ၁၂

ပျဉ်းမနားမြို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းတွင် မြို့နယ်မှုခင်းကျဆင်းရေး၊ မှုခင်းရှုထောင့်ရုံးခွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မှုခင်းရှုထောင့်ဂျာနယ်၊ မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရမည်းသင်းခရိုင် ငါးမြို့နယ်တာဝန်ခံအဖြစ် ထွန်းကျော်မင်း (ကိုကြီးကျော်) အား တာဝန်ပေးအပ်ကြောင်း သိရသည်။ **(၁၀၁)**

ဖေဖော်ဝါရီ ၁၈ရက်က သဒ္ဓမ္မရံသီစာသင်တိုက် သာသန ဝေပုလ္လ သိမ်ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများအမှူးထား၍ကိုလှမိုး-မခင်မိုးအေး၊သားမောင်ဇေယျလင်း မိသားစု အမှတ်(၃၅) ရန်ပြေ (၁၂) လမ်း ၃ရပ်ကွက် သာကေတ က ငွေကျပ်နှစ်သိန်းကို ဆရာတော်ဦးဝါသေဋ္ဌ (သာသနဓဇဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့ပြနှင့်ကျေးလက်လမ်း သန့်ရှင်းလှပရေးဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်စံပြလမ်းများ ရွေးချယ်သတ်မှတ်ပြီး၊ စံပြလမ်းအင်္ဂါရပ်နှင့်အညီသန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်က မြစ်ကြီးနားမြို့၊ ဇော်ဂျွန်းစံပြလမ်းကို ကတ္တရာလမ်းပေါက်များ မရှိစေရေး၊ အရိပ်ရ ရာသီပန်းများ ဖူးပွင့်စေရေးအတွက် စည်ပင်သာယာဝန်ထမ်းများစုပေါင်းဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေဗျောက်ကျေးရွာတွင်ဖေဖော်ဝါရီ ၂၁ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်း ဦးစီးဌာနမှူး(ညွှန်ကြားရေးမှူး)ဦးတင်အောင်က ကျောင်းသားတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က-ပ)

တိုင်းရင်းဖြစ် ရိုးရာဝတ်စုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ဘိုကလေး ဖေဖော်ဝါရီ ၁၆

ဘိုကလေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းဖြစ် ရိုးရာဝတ်စုံပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ပြိုင်ပွဲတွင် ပထမဆုရ မနှင်းနှင်းထွန်း (အထက-၁)၊ဒုတိယဆုရ မနေခြည်အေး(အလက -၂)နှင့် တတိယဆုရ မယုနန္ဒာဝင်းထက် (အထက-၁) တို့အား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မင်္ဂလာရေကန် ပန်းခြံ ပြန်လည်ကာရံခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၁ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဒေါ်ဆွေဆွေဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းဖွင့်

သံတွဲ ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ရော်ဘာပျိုးခင်းနှင့် ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက သံတွဲမြို့ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်အပေါ်ထပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်ကအမှာစကားပြောကြားပြီးသံတွဲခရိုင်နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးသောင်းကြည်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ သံတွဲခရိုင်မှ သင်တန်းသား ၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

အမ်းမြို့ အမှတ်(၄)ရပ်ကွက် မြို့တော်လမ်း အရှည်ပေ ၁၅၆၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထူးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စာမျက်နှာ (၁၅) မှအဆက်



Fig. Circuit of the triode

In the Edison effect there is current flow through the galvanometer in the circuit when the metal plate is connected to the positive terminal of the battery. When a current flows through the filament it becomes hot and when it reaches a high enough temperature the electrons acquire sufficient energy to escape from the filament. These electrons are attracted by the metal plate (the positive plate):the drift of electrons from the filament to the plate constitutes the current from the plate to the filament.

Amplification action:

The change in V_g must be much greater than the change in V_a to change I_a by the same magnitude



Fig. 14.13 Characteristic curves of a triode



Fig. 14.4 Characteristic of a diode



A junction diode with forward and reverse bias

Who was Edison? Given the diagram [below] describe as completely as possible Edison's experiment.

Describe the operation and an application of Edison's work.



Fig. Edison's experiment



Label the following figure



Fig. Edison's experiment



Fig. Edison's experiment



Label the diagram



နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာ

ဘိုးဘိုးကြီး ဒုတိယဗိုလ်မှူးကြီးသန်းညွန့်(ငြိမ်း)၊ ဘွားဘွားကြီး ဒေါ်ခင်ရီ (ကွမ်းရင်ဖယောင်းတိုင်လုပ်ငန်း) တို့၏ နှစ်(၅၀)မြောက် မင်္ဂလာနေ့မှ နောင်နှစ်များစွာ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ ဘေးအပေါင်း ကင်းကွာခြင်းတို့ပြည့်စုံပြီး ဝိပဿနာတရားတော်မြတ်ကို ဆက်လက် အားထုတ်နိုင်ကြစေရန်နှင့် ကျွန်တော်တို့တစ်တွေပြန်လည်ကျေးဇူး ဆပ်ခြင်းကို နှစ်များစွာခံယူနိုင်ပါစေဟု ဆုတောင်းကြလျက်။

မြေးများ–

ဗိုလ်မှူးသက်နောင်
စိုးမိုးအောင် တပ်မတော်ဆေးတက္ကသိုလ်
ကျော်မိုးအောင် ဒဂုံတက္ကသိုလ်
ဟိန်းမိုးအောင် ရေကြောင်းပညာတက္ကသိုလ်။

ချစ်မြေးလေး
ဘုန်းမြင့်မိုရ်၏

၂၇-၂-၂၀၀၅ ရက်တွင် ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် လိမ္မာထူးချွန် ဉာဏ်ရည်ထက်မြက်သော သားလိမ္မာလေး ဖြစ်ပါစေ။

ဘိုးဘိုး – ဦးဉာဏ်ထွန်း
(ခရိုင်အင်ဂျင်နီယာမှူး၊သံတွဲခရိုင်၊ သံတွဲမြို့)
ဘွားဘွား – ဒေါ်ကြည်ကြည်ခိုင်
ဖေဖေ – ဦးအာကာထွန်း
မေမေ – ဒေါ်ဖြူအိလွင်
ဘဘ – ဦးသူရိန်ထွန်း (ဘသူ)၊ နေမိုးထွန်း (ဘမိုး)။

အိမ်ခြံမြေရောင်းမည်

ကျောက်ကုန်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ (0.143) ဧက
(ပေ ၈၀ X ပေ ၉၀)ခန့်
(ပွဲစားမလို)
Ph: 572684။

ငွေ ပန်းချီ၊အော်ဂင်

၄၇/၁၊ ရွှေပြည်စိုးလမ်း၊ သံသုမာလမ်းထောင့်၊ မြင်သာ၊ တောင်ဥက္ကလာပမြို့နယ်အိမ်သင် သင်တန်းများရှိ။**ဖုန်း– ၅၆၀၁၃၅၊ ၅၆၀၁၃၆။**
သံသုမာလမ်းမပေါ်ဆိုင်ခန်း ငှားရန်ရှိ။ **ဖုန်း–၀၉–၅၀၀–၅၂၁၆။**

အမည်ပြောင်း

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့ အထက ဆဋ္ဌမတန်း(ဂ)မှ အဖ ဦးကျော်ငြိမ်း၏သား မောင်ရဲဇော်အောင်ကို ယနေ့မှစ၍ မောင်ဝေကိုကိုဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဝေကိုကို။

အမည်ပြောင်း

ဦးစစ်ခိုင်ထွန်း–ဒေါ်ခင်မာဆွေတို့၏သား တာမွေမြို့နယ် အမက(၇) စတုတ္ထတန်း(က)မှ မောင်ဖွဲ့မြတ်ထွန်းအား နေလှိုင်ထွန်းဟုပြောင်းလဲ ခေါ်ပါရန်။ **နေလှိုင်ထွန်း။**

ကန်ထရိုက်တာ ဦးသောင်းထိုက် ၁၂/မဘန(နိုင်)၀၀၂၀၅၄ နှင့် အများသိစေရန်

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၁၁၄၂)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရိန် ၁၂/တမန(နိုင်)၀၆၃၆၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ရိန်ပိုင်ဆိုင်သော ရန်ကုန်တိုင်း တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၄ FB)၊မြေကွက်အမှတ်(၁၁၄၂)ရှိ နှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးသောင်းထိုက် ၁၂/မဘန(နိုင်) ၀၀၂၀၅၄ နှင့် ၅-၂-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆိုထားသော်လည်း ကန်ထရိုက်တာ ဦးသောင်းထိုက်သည် အဆောက်အအုံဆောက်လုပ်နိုင်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ရိန်နှင့် ကန်ထရိုက်တာ ဦးသောင်းထိုက်တို့သည် ၉-၁-၂၀၀၅ရက်တွင် မြေကွက်ကို ပြန်လည်အပ်နှံသည့်စာချုပ်ချုပ်ဆိုပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ရိန်မှ ကန်ထရိုက်တာ ဦးသောင်းထိုက်အား လွှဲအပ်ထားသည့်အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်းနှင့် ကန်ထရိုက်တာ ဦးသောင်းထိုက်မှ ကြိုတင်ရောင်းချထားသော အခန်းများနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ရိန်နှင့်မသက်ဆိုင်ဘဲ ကန်ထရိုက်တာ ဦးသောင်းထိုက်ကသာ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ရိန်၏ ညွှန်ကြားချက်အရ
ဦးစောဟန်ဝင်း LL.B တရားရုံးချုပ်ရှေ့နေ
အမှတ်(၈၃/၁၈)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း–၂၄၀၀၁၈။

အများသိစေရန် ကြေညာခြင်း

ဦးကျော်စိုးလှိုင် ၁၂/သဃက(နိုင်)၀၁၁၀၉၄ နှင့် မစောယုထွေး ၁၂/ဗဟန(နိုင်)၀၈၆၉၃၂ တို့သည် (၁၀-၉-၂၀၀၄)ရက်တွင် မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအရ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်သည့်အပြင် နှစ်ဦးပိုင်ပစ္စည်းခွဲဝေပြီးပြတ်ကြပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးပတ်သက်စပ်ဆိုင် ခြင်းမရှိတော့ပါကြောင်း ဦးကျော်စိုးလှိုင်၏လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်ဝေ **ဦးခင်မောင်ငွေး**
တရားရုံးချုပ်ရှေ့နေ **တရားရုံးချုပ်ရှေ့နေ၊စဉ်–၃၅၃၁**
Laurel Law Firm
၁၂၈၊ ပထမထပ်၊၄၁လမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၇၈၄။

စာကြည့်တိုက်ဆောက်လုပ်ရန်ငွေလှူဒါန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၁၅

မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်နံနက်က အဆိုပါကျေးရွာရှိ စာကြည့်တိုက်အဆောက်အအုံသစ် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ပန္နက်တင်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကား ပြောကြားပြီး စာကြည့်တိုက် အလှူရှင် မိုးကုတ်မြို့နေ ဦးတူးမောင်–ဒေါ်ထားထားအေး မိသားစုကိုယ်စား ဦးဝင်းမောင်က အလှူငွေ ကျပ်သိန်း ၂၀ကို ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံရယူသည်။

(အောက်ပုံ)

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သန်းက သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်မျိုးစုံကို ထန်းပင်ကန် စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌ ဦးမြိုးက လက်ခံရယူကြောင်း သိရသည်။ **(၄၁၉)**

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ငါးဆူတောင် စံပြကျေးရွာတွင် ကျေးလက်အိမ်ရာ တည်ဆောက်မှုကို ဖေဖော်ဝါရီ ၁၄ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ ဆောက်လုပ်ပြီးစီးသော အိမ်ပိုင်ရှင် မိသားစုများနေထိုင်မှုအား တွေ့ဆုံ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ဝမ်းတွင်းမြို့နယ်၌ ကျေးလက်စက်ရေတွင်းဖွင့် တစ်နာရီ ရေဂါလန် ၁၄၀၀ ထွက်ရှိ

ဝမ်းတွင်း ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပြီးစီးသော ရွာတန်းကျေးရွာအုပ်စု လျှော်ပင်ကျေးရွာတွင် လေးလက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၈နာရီက အဆိုပါစက်ရေတွင်း မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ၊ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံဆောင်ရွက်ပေး

စက်ရေတွင်းမှာ အနက် ၁၈၅ ပေ၊ ရေထွက်နှုန်းမှာ တစ်နာရီ ရေဂါလန် ၁၄၀၀ထွက်ရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၄၄၄၀၀၀ အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟားခါးမြို့နယ်တွင် မြို့တွင်းလမ်းများကတ္တရာခင်း

ဟားခါး ဖေဖော်ဝါရီ ၁၀

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်ဇလပ်ဂေါက်ကွင်းသွားလမ်း ပေ ၁၉၀၀ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်
တစ်ခွင်
ဖွံ့ဖြိုးစည်ပင်

တိုင်းရင်းသားအားလုံးစုံညီသည်သာမက လူတန်းစားအလွှာစုံလင်စွာတက်ရောက်နေသည့် အမျိုးသားညီလာခံကြီးဖြစ်သည်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားဖွံ့ဖြိုးခိုင်မာရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို အခြေချဆောင်ရွက်နိုင်သည်နှင့်အမျှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်နိုင်ရန် ချမှတ်ထားသော လမ်းကြောင်းမှန်အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်။ ယနေ့ကျင်းပနေသော အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားညီအစ်ကိုအားလုံးစုံညီသည်သာမက လူတန်းစား အလွှာစုံလင်စွာတက်ရောက်နေသည့် ညီလာခံကြီးဖြစ်ရာ လုပ်ငန်းအစီအစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်သွားကြရမည်။

အမှာစကားပြောကြား

ဖေဖော်ဝါရီ ၂၄ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံလုနီးပါးတည်ဆောက်ပြီးဖြစ် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ်အသွင်ကူးပြောင်းရေး ချမှတ်အကောင်အထည်ဖော်လျက်ရှိ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်၏ ၁၇၁ ခုမြောက် ငမိုးရိပ်ရေထိန်းတံခါး

ငမိုးရိပ်ရေထိန်းတံခါးသည် နိုင်ငံတော်၏ ၁၇၁ ခုမြောက် ဆည်တမံဖြစ်ပြီး ရန်ကုန်တိုင်း၏ ၁၅ ခုမြောက် ရေထိန်းတံခါးဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်တွင် တည်ရှိသည်။ ငမိုးရိပ်ရေထိန်းတံခါး၌ အမြင့် ၁၂ ပေ၊ အကျယ် ရှစ်ပေရှိသည့် ရေတံခါး ၁၈ ပေါက်နှင့် အမြင့် ၁၂ ပေ၊ အကျယ် ခြောက်ပေ ကိုးလက်မရှိသည့် သဲနုန်းထုတ်ရေတံခါး ရှစ်ပေါက် အပါအဝင် ရေတံခါး ၂၆ ပေါက်ပါရှိသည်။ အလျားပေ ၁၂၀၀ ရှိ ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၂၀၀၀ ရှိသည့် ရေထုတ်မြောင်းမကြီးများ တည်ဆောက်ထားသည့် ငမိုးရိပ်ရေထိန်းတံခါးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(သတင်းအကျယ်-၅) ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)